# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၇) ရက် ၊ တနင်္ဂနွေနေ့ ၊ (31-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၃၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်



(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်ထားရာ လာရောက်အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၃၀**

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း **စာမျက်နှာ ၁၆ ကော်လံ ၅ သို့**

**တိုင်းရင်းသားများ၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး)တို့တွင် သင်ကြားပို့ချရန်စီစဉ်** စာမျက်နှာ - ၁၁

**မြို့နယ် ငါးမြို့နယ်ရှိ မြို့နယ် သမဝါယမအသင်းစုများက အသင်းသားများကို ငွေကျပ် ၂၁၇ သန်း ထုတ်ချေးပေးမည်** စာမျက်နှာ - ၂

**စေတီတော်ထုး စန္ဒကူးနှစ်ပေါင်းရှည်ကြာ ကျောင်းတော်ရာ**

ခရီးသွားဆောင်းပါး စာမျက်နှာ - ၂၆

**လာမည့်သင်္ကြန်ကာလအတွင်း အရေးပေါ်ခရီးသွားလာလိုသည့်နိုင်ငံ့ဝန်ထမ်းများအတွက် နေပြည်တော်အခြေစိုက် အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများတွင် ထိုင်ခုံနေရာများစီစဉ်ပေးထား** စာမျက်နှာ - ၃၀

**နိုင်ငံတကာသိပ္ပံပညာရှင်များက နဂါးငွေ့တန်းကြယ်စုကို လှည့်ပတ်နေသည့် ရှေးဟောင်းကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိထား** စာမျက်နှာ - ၇

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်** စာမျက်နှာ - ၂၂


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Gift Card ပေးခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၀၀ ၁၅၂၀၊ ၀၉ ၃၀၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။




ရတနာပုံ
၂၀၂၄ ခုနှစ် မတ် ၃၁ ရက်
အယ်ဒီတာ့အာဘော်

# ဂုဏ်ပြုဖျော်ဖြေ တပ်မတော်သားတို့အားသစ်ဝေ

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ လုံခြုံမှုရှိစေရန် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်နေသော တပ်မတော်သားများအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ ခေတ်ပေါ် ခေတ်ဟောင်းတေးသီချင်းအဖုံဖုံကို သီဆိုကပြဂုဏ်ပြုဖျော်ဖြေကြရာ ရှေ့တန်းစခန်းများမှ တပ်မတော်သားများ၊ နယ်မြေခံတပ်ရင်းဌာနချုပ်များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စိတ်လက်ပျော်ရွှင်စွာ အတူတကွပါဝင်သီဆိုကခုန်ကြသည်။ ထိုအချိန်မျိုးတွင် တာဝန်များကြားမှ ဘဝအမောများ ခေတ္တပြေပျောက်ကြကာ ကြည်နူးပီတိဖြစ်ပေါ်ခဲ့ရခြင်းကြောင့် အင်သစ်အားသစ်ဝေဆာလျက် စည်းလုံးညီညွတ်ပျော်ရွှင်စွာ နိုင်ငံ့တာဝန်များကို ရှေ့ဆက်ထမ်းရွက်နိုင်တော့မည်ဖြစ်ပေသည်။

ဂုဏ်ပြုဖျော်ဖြေကြမှုကြောင့် လွတ်လပ်ပေါ့ပါးကြည်နူးပျော်ရွှင်နေကြသော တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင် ရဲမေများ၏ ကြည်နူးပျော်ရွှင်မှုမှ ပေါ်ထွက်လာသောအင်အားများသည် တပ်မတော်၏အင်အားဖြစ်ပါသည်။ တပ်မတော်၏အင်အားသည် တိုင်းပြည်၏အင်အားလည်းဖြစ်ပါသည်။

တပ်မတော်သားများသည် အသက်ခန္ဓာများပေးဆပ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသူများဖြစ်သောကြောင့် တပ်မတော်သည် တိုင်းပြည်ကို အစဉ်ကာကွယ်ပေးနေသည့် ခြံစည်းရိုးသဖွယ်ဖြစ်ပါသည်။ ထိုခြံစည်းရိုး အမြဲတစေခိုင်မာအားကောင်းစေရန် အရေးကြီးလှပါသည်။

ထို့အတူ တပ်မတော်ထဲမှ မှီခိုသူရဲမေမိသားစုဝင်များသည်လည်း တပ်မတော်၏ အဓိကအရန်အင်အားများပင်ဖြစ်ပါသည်။ တပ်မတော်ခေါင်းဆောင်များ၏ ရေရှည်မျှော်မြင်မှုဖြင့် တပ်မတော်သား မိသားစုဝင်ရဲမေများကို စစ်ပညာများသင်ကြားလေ့ကျင့်ပေးခဲ့မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ လာရောက်သွေးတိုးစမ်းတိုက်ခိုက်လာချိန်တွင် စနစ်တကျပြန်လည်တိုက်ခိုက်တွန်းလှန်နိုင်ခဲ့သည်။ ထူးထူးချွန်ချွန် ပြောင်ပြောင်မြောက်မြောက် ရဲစွမ်းသတ္တိအပြည့်ဖြင့် ပြန်လည်တိုက်ခိုက်နိုင်သည့် လေးစားဖွယ်ရာ ရဲမေတချို့ကို တပ်မတော်အကြီးအကဲများကိုယ်တိုင် ဂုဏ်ထူးဆောင်လက်မှတ်များ ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့သည့် ဂုဏ်ယူဖွယ်အစဉ်အလာကောင်းများရှိခဲ့ပါသည်။

တပ်မတော်သားများသည် မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက်အမှုထမ်းခဲ့သူများဖြစ်ပါသည်။ လူတိုင်းမဆောင်ရွက်နိုင်သည့် စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အသက်ခန္ဓာပေးဆပ်ထမ်းဆောင်နေသူများဖြစ်ပါသည်။ မိဝေး၊ ဖဝေး၊ မိသားစုများနှင့် ဝေးကွာနေစဉ် နေ့မအား ညမအား တာဝန်များထမ်းရွက်နေဆဲ၌ လူသားဆန်သည့် လွမ်းဆွတ်သတိရစိတ်များကြောင့် ဘဝအမောများဖြစ်ပေါ်နိုင်ပါသည်။ သို့ရာတွင် ဘဝအမောများကို ခေတ္တမေ့ပျောက်ကာ အင်သစ်အားသစ်တို့ဖြင့် ကြည်နူးပျော်ရွှင်စွာ ကျရာတာဝန်အသီးသီးကို ခွန်အားသစ်များဖြင့် ထမ်းဆောင်နိုင်ရန်အတွက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များ၊ မြန်မာ့ရုပ်မြင်သံကြား (MRTV) မှ ဖျော်ဖြေရေးအဖွဲ့များ၏ ကိုယ်ချင်းစာစိတ်အပြည့်ဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုအပေါင်းကို ဂုဏ်ပြုခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ထပ်တူ လက်ခုပ်သြဘာတီး၍ ကြိုဆိုအားပေးပါကြောင်း မှတ်ဝေခံစားရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၃၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၃၅၄၇၆၁ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီးလေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ထားပါတယ်။ ရေချမ်းစင်တွေလဲပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်သူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ဘုရားဖူးတွေ ကြည့်ရှုကြတာကိုတွေ့ရပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၉၂၁ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၃၅၂၅၆၇ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၂၇၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး မတ် ၃၀**

မန္တလေးဈေးကွက်အတွင်း မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း မတ်လနောက်ဆုံးပတ်မှစ၍ မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြစ်သားဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ မန္တလေးဈေးကွက်ထဲ အဝင်များတဲ့အထဲမှာ မြစ်သားအပြင် တောင်သာနဲ့မြင်းခြံဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပါပါတယ်။ မြစ်သားကြက်သွန်ကတော့ မန္တလေးဈေးကွက်ထဲ အခုအရောင်းအဝယ်အကောင်းဆုံး အနေအထားမှာရှိတယ်။ မြင်းခြံနဲ့တောင်သာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု အောင်ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း မတ် ၂၉ ရက် ပေါက်ဈေးအရ မြစ်သားဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ (၁၈၄)

# မြို့နယ် ငါးမြို့နယ်ရှိ မြို့နယ်သမဝါယမအသင်းစုများက အသင်းသားများကို ငွေကျပ် ၂၁၇ သန်း ထုတ်ချေးပေးမည်

**မန္တလေး မတ် ၃၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများကို မြို့နယ်သမဝါယမအသင်းစုများက အသင်းပိုင်ငွေများဖြင့် နှမ်းစပါးစိုက်ပျိုးနိုင်ရန် ငွေကျပ် ၂၁၇ သန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ မြို့နယ်သမဝါယမအသင်းစုများသည် အသင်းပိုင်ငွေများဖြင့် နှမ်းစပါးစိုက်ပျိုးရန် မြို့နယ် ငါးမြို့နယ်ရှိ သမဝါယမအသင်း ၁၂ သင်း၊ အသင်းသားတောင်သူ ၂၇၁ ဦး၊ နှမ်းစပါးစိုက်ဧက ၁၀၈၅ ဧကအတွက် ချေးငွေကျပ် ၂၁၇ သန်းကို လာမည့် ဘဏ္ဍာနှစ်တွင် တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့နယ် သမဝါယမအသင်းစုတွေရဲ့ ကိုယ်ပိုင်ငွေနဲ့အသင်းပိုင်ငွေတွေကို အခြေခံသမဝါယမအသင်းသားတောင်သူတွေကိုထုတ်ချေးပေးသွားမှာပါ။ နှမ်းစပါးတွေကို အောင်မြင်စွာစိုက်ပျိုးနိုင်ဖို့အတွက်ပါ။ နှမ်းစပါးစိုက်ဧက ၁၀၀၀ ကျော်အတွက် ချေးငွေတွေကိုထုတ်ချေးပေးသွားမှာပါ။ အခုလိုမျိုး တောင်သူတွေကို ချေးငွေတွေထုတ်ချေးပေးနေတာက တောင်သူတွေများများစိုက်ပျိုးနိုင်အောင်လို့ပါ။ တောင်သူတွေအနေနဲ့ ထုတ်ချေးပေးတာနဲ့အညီ နှမ်းစပါးစိုက်ဧကတွေမှာ မှန်မှန်ကန်ကန်ထိထိရောက်ရောက်သုံးစွဲဖို့ လိုပါတယ်။ အတိုးနှုန်းကတော့ တစ်လကို ငွေကျပ် ၁၀၀ ကို တစ်ကျပ်နှစ်ဆယ့်ငါးပြားနှုန်း ယူပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ထုတ်ချေးပေးသွားမည့် မြို့နယ် ငါးမြို့နယ်မှာ ပုသိမ်ကြီးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊မြစ်သားမြို့နယ်တို့ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရေက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖြူးမြို့နယ် အိုးဖိုကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဖြူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိုးဖိုကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက အိုးဖိုကုန်းကျေးရွာ၌ လမ်းအရှည်ပေ ၂၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ တစ်နာရီလျှင် ဂါလန် ၂၀၀ ကျော်ထွက်ရှိသော ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ကျောက်ရောမြေလမ်းနှင့် ရေသန့်စင်စက်ကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ ဒသမ ၄ သန်း၊ ကျေးရွာပြည်သူလူထုလုပ်အားဖြင့် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မတ် ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးမှုကြောင့် အိုးဖိုကုန်းကျေးရွာရှိ အိမ်ခြေ ၁၀၀ မှ လူဦးရေ ၅၅၀ တို့၏ သွားလာရေး အဆင်ပြေနေပြီဖြစ်ပြီး သန့်ရှင်းသောသောက်သုံးရေလည်း ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်ထံမှ သိရသည်။

**ကိုညို**

# ရေတာရှည်မြို့နယ် ဂုံမင်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေတာရှည် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းကွင်းကျေးရွာအုပ်စု ဂုံမင်းကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။


ရှေးဦးစွာ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဂုံမင်းကွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၁၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၅ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၈ ဦးကို ငွေကျပ် ၃၉ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ဟင်္သာတမြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်လာ



**ဟင်္သာတ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်လာကြောင်း ဟင်္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဦးက ပြောပြ၍ သိရသည်။

ဟင်္သာတမြို့နယ်တွင် မတ်လ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်လာကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းနှင့် ဒေသထွက်ပဲလွမ်းဖြူများ အထွက်နှုန်း နည်းနေခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ မတ်လ ဒုတိယပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခု အဝယ်လိုက်နေတဲ့အပြင် ဈေးလဲ အနည်းငယ်ကောင်းလာပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နှုန်းနည်းလာတာနဲ့ အဝယ်လိုက်လာတာကြောင့် အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိ ဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေ သိပ်မထွက်သေးပါဘူး။ ဒေသမှာ ပဲလွမ်းဖြူက ဆောင်းသီးနှံတွေ ရိတ်သိမ်းချိန်မှာ အထွက်များပါတယ်"ဟု ဟင်္သာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဦးက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၇၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန် စသည့် ဒေသထွက်ကုန်များကိုလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်ခင်ခင်ဦးက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကော့မှူး မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်အေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ညောင်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကော့မှူးမြို့နယ် ညောင်ထောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၇ ဦးကို ငွေကျပ် ၃၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂ ဒသမ ၉၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃ ဒသမ ၇၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဦးစီးအရာရှိ ဒေါ်ခင်အေးထံမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၉၅၃၈ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၉၅၃၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းများကို ဖေဖော်ဝါရီလမှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၆ ဒသမ ၄ တင်း ထွက်ရှိကြောင်း သိရသည်။

"မုံရွာခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ပဲတီစိမ်း ၉၅၃၈ ဧကထိ စိုက်ပျိုးထားပါတယ်။ အခုလက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်လျက်ရှိပါတယ်။ ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မစိုက်ခင်အချိန်ကနေ လက်ရှိအချိန်ထိ သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့် က ပြောပြသည်။

မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းများ မြို့နယ်အလိုက် ရိတ်သိမ်းပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၄၅၂ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၅၆၂ ဧက၊ အရာတော်မြို့နယ်တွင် ၄၁၈၉ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၃၃၅ ဧက စုစုပေါင်း ၉၅၃၈ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၂၀၆)



# နိပါတ်ခင်း

## ကိုဇော်ဌေး(ယဉ်ကျေးမှု)

ဇာတ်နိပါတ်တို့ကို ခင်းကျင်းကပြသည်ကို အစွဲပြု၍ နိပါတ်ခင်းဟုခေါ်ကြသည်။ နိပါတ်ခင်းသည် ရှေးကျသောမြန်မာဇာတ်သဘင်ဖြစ်သည်။ ကျေးလက်နေပြည်သူတို့၏ အကအခုန်တို့တွင် နိပါတ်ခင်းသည် အချိန်အတော်ကြာကြာနေရာယူခဲ့သည်။

ရှေးအကျဆုံးကား နတ်အကပင်ဖြစ်သည်။ နတ်အကမှတစ်ဆင့်တက်ကာ ကောက်စိုက်၊ ကောက်ရိတ်၊ ပျိုးနုတ် စသည့်အချိန်များတွင် ရွာသူ၊ ရွာသားတို့စုပေါင်း၍ ဘာသာဘာဝသီဆိုကခုန်မှုများ ပြုလုပ်လာကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် သီဆိုကခုန်နေရုံဖြင့်အားမရနိုင် သူတို့က လယ်ယာလုပ်ကိုင်ရင်း အားလပ်ချိန်များတွင် အကအခုန်များ၊ ပွဲလမ်းသဘင်များခင်းကျင်းရန် စိတ်ကူးပေါက်လာခဲ့ကြဟန်ရှိသည်။ သို့သော် ကပြရန်အတွက် သီးခြားဇာတ်ထုပ်၊ ဇာတ်လမ်းမရှိကြချေ။ ဇာတ်လမ်းရရှိရန် အလွယ်ကူဆုံးနှင့် အမြန်ဆုံးနည်းမှာ ပေပုရပိုက်တို့တွင် ရေးသားထားသည့် ဘုရားဟောဇာတ်နိပါတ်များပင်ဖြစ်သည်။ ထိုပေပုရပိုက်များမှ ဇာတ်နိပါတ်တော်များမှာ များသောအားဖြင့် ဘုန်းတော်ကြီးများ၏ လက်ရာများပင်ဖြစ်သည်။

ကျေးလက်နေပြည်သူများမှာ ဇာတ်နိပါတ်များကို ပေပုရပိုက်များမှလည်းကောင်း၊ ဘုန်းတော်ကြီးများထံမှ နာယူမှတ်သားရခြင်းဖြင့်လည်းကောင်း သိရှိနားလည်ထားကြသည်။ ထို့ကြောင့် ကပြတင်ဆက်ရန် ဇာတ်လမ်းအခြေခံ ရရှိလာခဲ့ကြလေသည်။ ဇာတ်လမ်းရရှိပြီးဖြစ်သော်လည်း အဆို၊ အပြော၊ အလွမ်း၊ အကပညာတို့ဖြင့် ဝေဝေဆာဆာဇာတ်ထုပ်ခင်းရန် စိတ်မရဲကြချေ။ သူတို့သည် သဘင်ပညာသည်များမဟုတ်ကြခြင်းကလည်း စိုးထိတ်စိတ်ကိုဖြစ်စေသည်။ သာမန်ကျေးလက်နေပြည်သူများအနေဖြင့် ပျော်လို၍သာ စိတ်ကူးခဲ့ကြခြင်းဖြစ်သည်။

သူတို့သည် အကထက် အပြသဘောကို ဦးစားပေးစီစဉ်ကြသည်။ အဆိုအငိုအသောအလွမ်းတို့ထက် ရုပ်ငြိမ်(ရုပ်သေ)ပြကွင်းပြကွက်တို့ဖြင့် ပရိသတ်စိတ်ဝယ် စွဲငြိလောက်အောင် တီထွင်ကြံဆကြရပြန်သည်။ ဇာတ်ခုံဖြင့် ခင်းကျင်းကပြရသည့် ဇာတ်သဘင်မှာ တစ်နေရာတည်း၊ ဇာတ်ခုံတစ်ခုံတည်းဖြင့် ပြီးပြည့်စုံနိုင်သော်လည်း ရုပ်သေကိုသာ အဓိကထားကပြမည့် နိပါတ်ခင်းတင်ဆက်မှုသည် ပြကွက်တစ်ခန်းစီ သီးခြားတင်ဆက်ကပြရသဖြင့် အခန်းပေါင်းများစွာပါဝင်သော အတန်းရှည်ကြီးသဖွယ် ခင်းကျင်းကပြရန် လိုအပ်လာလေသည်။ သူတို့သည် ပြကွက်တစ်ကွက်၊ အခန်းတစ်ခန်းအတွက် လှည်းတစ်စီးဖြင့် တင်ဆက်ကပြရန် ရွေးချယ်လိုက်ကြသည်။ လိုအပ်သောလှည်းသည် ကျေးလက်နေပြည်သူတို့ထံတွင် ရှိနေပြီးဖြစ်သည်ကလည်း နိပါတ်ခင်းကို ကပြရန်အားသာချက်ဖြစ်လာရသည်။

နှစ်ကြာသော် ပထမဦးဆုံးတီထွင်ခင်းကျင်း ကပြခဲ့သည့်ရုပ်ပြနိပါတ်မှာ အတော်အတန် ရိုးသွားပြန်သဖြင့် တစ်ဆင့်တက်၍ တစ်မျိုးတစ်ဖုံတီထွင်ကွန့်မြူးလာခဲ့ကြပြန်သည်။ ရုပ်ပြနိပါတ်မှ အချို့အခန်းတို့တွင် အဆို၊ အငို၊ အက ကလေးများထည့်သွင်းပေးလိုပြန်သည်။ ထို့ကြောင့် သူတို့သည် ဘုန်းတော်ကြီးများနှင့် လူပြန်တော်ပညာရှိများထံ ချဉ်းကပ်ကြကာ လိုအပ်သောဇာတ်စကား၊ သီချင်းနှင့် အသုံးအနှုန်း၊ အခေါ်အဝေါ်များကို လေ့လာဆည်းပူးကြပြန်သည်။

ရှေးအခါက ဘုန်းတော်ကြီးကျောင်းများသည် စာသင်ကြားရာဌာနများဖြစ်ကြပေရာ ဘုန်းတော်ကြီးနှင့် လူပြန်တော်ပညာရှိများကသာလျှင် များသောအားဖြင့် လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းများနှင့်စပ်ဆိုင်ရာများကို ဦးဆောင်သင်ကြားကျမ်းပြုကြသူများဖြစ်လေသည်။ ထိုအချက်ကပင်လျှင် ကျေးလက်ပြည်သူတို့၏စိတ်ကူးကို ပံ့ပိုးရာရောက်ခဲ့လေသည်။ အဆိုပါထောက်ကူချက်နှင့်ပင် ရုပ်ပြနိပါတ်မှ တစ်ဆင့်တက်၍ ဇာတ်လမ်းအလိုက်အဆို၊ အငို၊ အကတို့ကို အချီအချ၊ အတိုင်အဖောက်ပြု၍ နိပါတ်ခန်းမှာ ရှင်ပျအသက်ဝင်လာလေတော့သည်။

နိပါတ်ခင်းကို ပံ့ပိုးသည့်ဆိုင်းမှာ ဝါး၊ ပလွေ၊ နဲ၊ ဗုံ၊ မောင်း၊ လင်းကွင်း စသည့်ကျေးလက်သုံးတူရိယာများပင်ဖြစ်သည်။ နိပါတ်ခင်းကိုစီစဉ်ရာ၌ လှည်းတစ်စီးလျှင် တစ်ခန်းစီသတ်မှတ်ကာ ပါဝင်သည့် ရွာသူ၊ ရွာသားများက အသီးသီးတာဝန်ခွဲဝေယူကြရပေသည်။ အပြင်အဆင်အခမ်းအနားမှာ ယခုခေတ်ဇာတ်သဘင်များကဲ့သို့ ပစ္စည်းမစုံလင်ချေ။ ကျေးလက်ဖြစ်ပစ္စည်းများကိုသာအသုံးပြုရင်း စွမ်းသမျှကြိုးစားကခုန်ကြခြင်းဖြစ်သည်။ ထိုခေတ်၏အခြေအနေအရ ထိုမျှ ကပြနိုင်မှုသည် ကျေနပ်စရာပင်ဖြစ်ခဲ့ကြပါလိမ့်မည်။

❖ နိပါတ်ခင်းကို ပံ့ပိုးသည့်ဆိုင်းမှာ ဝါး၊ ပလွေ၊ နဲ၊ ဗုံ၊ မောင်း၊ လင်းကွင်း စသည့်ကျေးလက်သုံးတူရိယာများပင်ဖြစ်သည်။ နိပါတ်ခင်းကို စီစဉ်ရာ၌ လှည်းတစ်စီးလျှင် တစ်ခန်းစီသတ်မှတ်ကာ ပါဝင်သည့်ရွာသူ၊ ရွာသားများက အသီးသီးတာဝန်ခွဲဝေယူကြရပေသည်။ အပြင်အဆင်အခမ်းအနားမှာ ယခုခေတ်ဇာတ်သဘင်များကဲ့သို့ ပစ္စည်းမစုံလင်ချေ။ ကျေးလက်ဖြစ်ပစ္စည်းများကိုသာအသုံးပြုရင်း စွမ်းသမျှကြိုးစားကခုန်ကြခြင်းဖြစ်သည်။ ထိုခေတ်၏အခြေအနေအရ ထိုမျှကပြနိုင်မှုသည် ကျေနပ်စရာပင်ဖြစ်ခဲ့ကြပါလိမ့်မည်။ ❖

နိပါတ်ခင်းတစ်ခုလျှင် လှည်းအစီးပေါင်း ခုနစ်စီးမှ ၁၅ စီးထိပါဝင်လေ့ရှိသည်။ ရွာငယ်လျှင် တစ်ရွာနိပါတ်ခန်းတစ်ခု(ဇာတ်ထုပ်တစ်ထုပ်)ကျ စီစဉ်လေ့ရှိပြီး ရွာကြီးလျှင် တောင်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်ပိုင်းခွဲခြားကာ ဇာတ်ထုပ်တစ်ထုပ်စီ ခွဲဝေတာဝန်ယူကြရလေသည်။ ပြင်ဆင်ရာတွင် လှည်းရှိ ကက်အိမ် (နွားလှည်းတွင် ပစ္စည်းတင်ရန်၊ လူစီးရန်နေရာ) ပေါ်တွင်ငြမ်းထိုးကာ ဖျာခင်း၍ သူ့အခန်းအလျောက် ထိုက်သင့်သလို မွမ်းမံပြင်ဆင်ရလေသည်။ သလွန်၊ ရာဇပလ္လင်၊ တောင်၊ ကျောင်းသင်္ခမ်းစသည်တို့အတွက် သေတ္တာကြီးကြီးတစ်လုံးကိုသုံးလေ့ရှိပြီး တောတောင်သစ်ပင်ဥယျာဉ်များအတွက် သစ်ကိုင်းများ၊ နွယ်များကို စိုက်ထောင်ကာ အသုံးပြုလေ့ရှိကြသည်။ ခြင်္သေ့၊ ဆင်၊ မြင်း၊ ကျား၊ ကျွဲ၊ နွား၊ နဂါး၊ ဒေါင်း၊ ဟင်္သာ၊ ဂဠုန်၊ ဘီလူး၊ ကိန္နရာ ကိန္နရီ စသည်တို့အတွက် လိုအပ်သော ဦးခေါင်းပုံများ၊ ကိုယ်ထည်များကို နှီးဝါးများဖြင့်ရက်လုပ်ကာ အဝတ် သို့မဟုတ် မိုင်းကိုင်စက္ကူများကပ်၍ ဆေးများခြယ်ကြရလေသည်။

ဘုရားပွဲ၊ ထီးတင်ပွဲ၊ ဆွမ်းကြီးလောင်းပွဲ၊ စွယ်တော်လှည့်ပွဲ စသည်တို့တွင် ကျေးရွာချင်း၊ ရပ်ကွက်ချင်း သူ့ထက်ငါသာအောင် အားကြိုးမာန်တက်အပြိုင်အဆိုင် ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြင့် နိပါတ်ခင်းများမှာ တစ်စတစ်စ ကြီးကျယ်ခမ်းနားလာကြသည်။ အချို့နိပါတ်ခန်းတို့မှာ လှည်းအစီး ၆၀ မှ ၇၀ ထိ ပါဝင်ကြကြောင်း သိရလေသည်။

နိပါတ်ခန်းများ လှည့်သည့်အခါ ရွာဦးမှတာစူ၍ စတင်ထွက်ခွာပြီး သတ်မှတ်ထားသည့် လမ်းတစ်လျှောက်လှည့်လည်ကာ သက်ဆိုင်ရာဘုရား၊ ကျောင်း၊ မဏ္ဍပ် စသည်တို့ကို လက်ယာရစ်ပတ်ပြီးမှ ဦးတိုက်ပူဇော်လေ့ရှိသည်။ ထိုသို့လှည့်လည်ရာတွင် လူစည်ကားသည့် ဈေး၊ လမ်းဆုံလမ်းခွနှင့် မြို့စား၊ သူကြီး စသည့်အကြီးအကဲတို့၏အိမ်များရှေ့တွင် ရပ်တန့်ကာ ပါဝင်သည့်ဇာတ်လမ်းအလျောက် အဆိုအငိုအကတို့ဖြင့် ဖျော်ဖြေကြသည်။

နိပါတ်ခင်း၏အကမှာ မြန်မာပြဇာတ်ကဇာတ်နှင့် မြေဝိုင်းအကများ၏ ရှေ့ပြေးကျေးလက်အကတစ်မျိုးဟုဆိုနိုင်သည်။ ဒေါက်တာထင်အောင်က အေဒီ ၁၅၃၁ မှ ၁၇၅၂ အတွင်းကာလကို နိပါတ်ခင်းသည့်အကများ စတင်ထွန်းကားခဲ့သောခေတ်ဟု ယူဆကြောင်း ဆိုခဲ့သည်။

ဒေါက်တာထင်အောင်က နိပါတ်ခင်းကို လေ့လာသရုပ်ဖော်ပြထားရာ၌-

“ပထမဦးစွာလှည်းတစ်စီးလျှင် ဇာတ်ဝင်ခန်းတစ်ခန်းကျ ရုပ်သေအနေဖြင့် အပျော်တမ်းဇာတ်သရုပ်ဆောင်များက ငြိမ်သက်စွာလိုက်ပါလာကြသည်။ မူလက လှည်းတစ်စီးလျှင် တစ်ဇာတ်ကျ၊ လှည်းအနည်းငယ်သာ ပါဝင်ခဲ့မည်ဖြစ်သော်လည်း နောက်ပိုင်းတွင် လှည်းရော၊ ဇာတ်ကွက်ရော အရေအတွက်အားဖြင့် များပြားပါဝင်လာမည်ဖြစ်သည်။ တစ်ဖန် ဇာတ်ကွက်များကိုလည်း နိပါတ်တစ်ခုတည်းမှ ဇာတ်ခန်းများကို ယူခြင်းအားဖြင့် ဇာတ်ထုပ်တစ်ထုပ်စာလုံး ကပြပြီးဖြစ်သွားသည်။ ဇာတ်ဝင်အဝတ်အစားများပို၍ အရောင်အသွေးစုံကာ တင်ဆက်ပုံလည်း စနစ်ကျလာသည်။ ထိုကပြမှုအတွက် အဖွဲ့အင်အားလိုလာသည်။ ထို့ကြောင့် ရွာကိုအရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းခွဲခြားလိုက်သည်။ မြို့ကြီးများ၊ ရွာကြီးများတွင် ရပ်ကွက်လေးခုခွဲခြားသည်။ တစ်ရပ်ကွက်က တစ်ဖွဲ့စာတာဝန်ယူရသည်။ ထိုအခါက အကောင်းဆုံးအဖွဲ့ဖြစ်ရန် ရပ်ကွက်ချင်းအပြင်းအထန်ပြိုင်လာကြသည်။ အများအားဖြင့် ပျော်ပျော်ပါးပါးပြိုင်သည် ရှိသကဲ့သို့ တစ်ခါတစ်ရံ ရန်မီးပွားသည်လည်းရှိသည်။ များစွာသောကပွဲများသည် လွတ်လပ်စွာအပြိုင်အဆိုင်ပြုသောကာလများဖြစ်သည်။ ထိုပြိုင်ဆိုင်မှုက နောက်ပိုင်းကပွဲများကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ တစ်ဖက်က ပြိုင်ဘက်များကိုနိုင်ရန် စိတ်ကူးစိတ်သန်းသစ်များဖြင့် အားပြည့်ကြသည်။

မကြာမီမှာပင် ကပွဲသည် ပြဇာတ်တစ်ခု(ဝါ) ဇာတ်ကြီးတစ်ခုဖြစ်လာကာ ဇာတ်ဝင်ခန်းများလည်း သက်ဝင်လှုပ်ရှားလာတော့သည်။ မြန်မာ့နိပါတ်ခင်းသည် အင်္ဂလိပ်ခရစ်ဝင်ဇာတ်များနှင့် ပုံစံတူသည်။ ခင်းကျင်းသည့်ကပွဲ အသက်ဝင်လာသည်။ ထိုကပွဲနှင့်အတူ ဘာသာရေးဆိုင်ရာ စီတန်းလှည့်လည်ပွဲကြီးလည်း လမ်းမကြီးများတစ်လျှောက် မရပ်မနားကြချေ။ သွားလာကြသောအချို့နေရာများတွင် လှည်းတိုင်းကိုယ်စီ ရပ်တန့်ကြသည်။ ထိုနေရာများမှာ ဈေးနေရာ၊ ကျေးရွာရပ်ကွက်သူကြီးအိမ်၊ လှည့်လည်ပွဲခရီးဆုံးရာ ဘုရားပိုင်းနေရာဖြစ်သည်။ ၎င်းနေရာအသီးသီးတွင် လှည်းတိုင်းကိုယ်စီ ရပ်တန့်ကာဇာတ်ကွက်၊ ရုပ်သေများကတစ်ဆင့် ရုပ်ရှင်အဖြစ် သက်ဝင်လှုပ်ရှားကပြကြသည်။ ဇာတ်ဆောင်၊ ဇာတ်စကားများ၊ အမူအရာများဖြင့် ကပြကြသည်။ ထို့ကြောင့်ပင် အဆိုပါလှည်းတန်းရပ်တန့်ကပြသောနေရာများတွင် ကြည့်ရှုသောပရိသတ်များက ဇာတ်ကြီးတစ်ဇာတ်ကြည့်နေရတော့သည်”ဟု နိပါတ်ခင်းကို သရုပ်ဖော်ပြခဲ့သည်။

ဒေါက်တာထင်အောင်ပြောသည့် ကာလ၏နောက်ပိုင်းကာလများတွင်လည်း နိပါတ်ခင်းသည့်အကမှာဇာတ်၊ အငြိမ့်၊ ရုပ်သေး ဟူသည့်မြန်မာသဘင်သုံးမျိုးတို့အတွင်းဝယ် တစ်မူခြားလျက် ဗြိတိသျှခေတ်တိုင်အောင် ထွန်းကားခဲ့သည်။

ဗြိတိသျှခေတ်နိပါတ်ခင်းတို့တွင် များသောအားဖြင့် ဒုတိယတန်းအငြိမ့်မင်းသမီး၊ ဇာတ်မင်းသမီးတို့ကို ငှားရမ်းအသုံးပြုသည့်အလေ့ ထွန်းကားလာခဲ့ပြီး အခမ်းအနားများတွင်လည်း စက်သီးများ၊ စက်ကြိုးများကို တပ်ဆင်အသုံးပြုလာကြောင်း သိရသည်။ လှည်းပေါ်တွင် အတောင် အစိတ်၊ သုံးဆယ်ခန့်မြင့်သည့် ဝါးပိုးတိုင်များထူကာ စက်ကြိုးများဆင်၍ ရထားပျံဖြင့် ကောင်းကင်သို့ပျံသန်းဟန်၊ ဂဠုန်၊ နဂါးတို့တစ်ကောင်နှင့်တစ်ကောင်ထိုးဟန်၊ လိုက်ဟန်၊ သူယောင်မယ်များ သူယောင်ပင်တွင် သီးနေဟန်၊ ကိန္နရာကိန္နရီတို့ပျံသန်းမြူးပျော်ဟန် စသည်တို့ကား ရှေးခေတ်နိပါတ်ခင်း၏ ပြကွင်းပြကွက်များပင်ဖြစ်တော့သည်။ နိပါတ်ခင်းကို ကလေး၊ လူကြီး၊ ပျို၊ အို၊ ကျား၊ မ မရွေးကြိုက်နှစ်သက်သည်။ အိုးစည်ဒိုးပတ်၊ ဗုံကြီး၊ ဗုံရှည် စသည့်ကျေးလက်အကအခုန်အမျိုးမျိုးရှိသည့်အနက် ရွာလုံးကျွတ်မျှ စုပေါင်းပါဝင်ဆင်နွှဲကြသည့် မြန်မာတို့၏ ရှေးကျသောဇာတ်သဘင်မှာ နိပါတ်ခင်းပင် ဖြစ်တော့သည်။

ပြဇာတ်နှင့်ပြဇာတ်စာပေဆီးနှောဖလှယ်ပွဲ(၁၉၇၀)၌ စာရေးဆရာကြီး (ဦး)သိန်းဖေမြင့် ဖတ်ကြားသည့် ပြည်သူကြိုက်ပုံသဏ္ဌာန် အမျိုးမျိုးဆောင်သော ပြဇာတ်များနှင့်ပြဇာတ်စာပေစာတမ်း၌ “ကျွန်တော်တို့ငယ်စဉ်အခါက ရပ်ကွက်တွင် ဘုရားပွဲရှိလျှင် အမေလုပ်သူက မုန့်ဆီကြော်၊ ငါးပေါင်းကြော်တို့ကို ကြော်သည်။ ကျွန်တော်တို့က အိမ်နီးချင်းများကို လိုက်၍ဝေသည်။ (ဘုရားတင်ရန်နှင့် သံဃာတော်များကို လှူဒါန်းရန်ချန်ထားပြီးမှဝေသည်။) မုန့်ဝေနေစဉ်တွင်ပင် လှည်းဇာတ်ကိုကြည့်ရသည်။ လှည်းဇာတ်ဆိုသည်မှာ လှည်းတစ်စီး ဇာတ်တစ်ခန်းကရသည့်ဇာတ်ဖြစ်သည်။ လှည်းလေးငါးစီးနှင့် ဇာတ်ထုပ်တစ်ထုပ်ဖြစ်သွားသည်။ ပုဂံဘုရားများတွင် စဉ့်ကွင်းတစ်ကွင်း၊ ဇာတ်ခန်းတစ်ခန်းဖွဲ့ပြီး လေးငါးခြောက်ကွင်းဖြင့် ဇာတ်ထုပ်တစ်ထုပ်ခင်းခဲ့သည့်အစဉ်အလာသည် လှည်းပေါ်သို့ တက်လာခြင်းဖြစ်ဟန်တူပါသည်”ဟုသုံးသပ်တင်ပြခဲ့သည်။ ဆရာ(ဦး)သိန်းဖေမြင့်သည် ဘုတလင်ဇာတိဖြစ်သဖြင့် နိပါတ်ခင်း ခေါ် လှည်းဇာတ်သည် ဆရာငယ်စဉ်ကာလထိတိုင်ရှိနေခဲ့သည်ဟု ပြောနိုင်လေသည်။ ၁၉၆၀-၁၉၇၀ ပြည့်နှစ်ခန့်ကာလများက ရန်ကုန်မြို့၏ သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲများတွင် စင်ဆောက်၍ ရုပ်ပြ(ရုပ်သေ)နိပါတ်များကို ခင်းခဲ့ကြသေးသဖြင့် ဆရာ၏အဆိုသည် လက်ခံနိုင်ဖွယ်ရှိတော့သည်။

နိပါတ်ခင်းမှာကျေးလက်နေပြည်သူတို့၏စုပေါင်းဆောင်ရွက်တတ်သည့်သဘာဝကို ဖော်ဆောင်ပြခြင်းဖြစ်သည်။ တစ်ဖန်နိပါတ်ခင်းသည် ဘာသာရေးဆိုင်ရာထုံးဓလေ့ကိုလည်း အမှီပြု၍ ပေါ်ထွန်းလာခြင်းဖြစ်သည်။ နိပါတ်တော်တို့ကို ကျောက်ထက်အက္ခရာ၊ ပေထက်အက္ခရာတင်ရုံမျှဖြင့် တင်းတိမ်ခြင်းမရှိဘဲ ပန်းချီပန်းပုတို့ဖြင့် ခြယ်မှုန်းထုလုပ်ဖော်ပြခြင်းတို့မှသည် တင်ဆက်ကပြဖျော်ဖြေခြင်းအနုပညာဖြင့် တစ်ဆင့်တက်လှမ်းကြခြင်းဖြစ်သည်။ မြန်မာ့ဇာတ်သဘင်တွင် နိပါတ်ခင်းသည် ရှေးအကျဆုံးသောဇာတ်ကွက်ဇာတ်လမ်းများဟုလည်းခေါ်ဆိုနိုင်သည်။ ဇာတ်သဘင်၏ မိုးသောက်ယံဟုလည်း တင်စားနိုင်သည်။ နိပါတ်ခင်းသည့်ဓလေ့သည် ၁၉၃၂ ခုနှစ်တိုင်အောင် ကျေးလက်များတွင် ထွန်းကားခဲ့ပြီးနောက် တစ်စတစ်စ မှေးမှိန်သွားခဲ့သည်။ နိပါတ်ခင်းအက မှေးမှိန်သွားသော်လည်း နိပါတ်ခင်း ပန်းချီ၊ ပန်းပုများသည်ကား ဆက်လက်ထွန်းကားလျက်ပင်ရှိသေးသည်။ ဝမ်းမြောက်ကြည်နူးစရာပင်ဖြစ်တော့သည်။

**ကိုးကား**

- **ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)**
- **မြန်မာဇာတ်ကြီး(သန်လျင်မောင်ဝင်းဝါ)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုပို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၈၁၉၂ ဧက ရိတ်သိမ်းပြီးစီး

**ကောလင်း မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၂၈၁၉၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသောနှမ်းကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၁၄၀၅၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၉၀၀၅ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၅၁၃၂ ဧက စုစုပေါင်း ၂၈၁၉၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၁ ဒသမ ၇၃ တင်း ထွက်ရှိကြောင်း သိရသည်။

“ကောလင်းခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက နှမ်း ၂၈၁၉၂ ဧက စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့နှမ်းတွေ ရိတ်သိမ်းရာမှာ ဒီနေ့ထိ စိုက်ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် နှမ်း ၂၉၇၆၇ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကောလင်းမြို့နယ်တွင် ၁၄၀၅၅ ဧက၊ ဝန်းသိုမြို့နယ်တွင် ၉၀၀၅ ဧကနှင့် ပင်လည်ဘူးမြို့နယ်တွင် ၅၁၃၂ ဧက စုစုပေါင်း ၂၈၁၉၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် ဆောင်းနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းအပိုင်း(၂)ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းပန် မတ် ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ခုံခမ်းကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းအပိုင်း(၂) ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းနှင့်ဝန်ထမ်းများက ကုမ္ပဏီတာဝန်ရှိသူများနှင့်အတူ ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ သဲဖြုန်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် အကျိုးရှိစွာ အသုံးပြုသွားရန် ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် ညောင်ခုံခမ်းကျေးရွာ၌ ကုန်ထုတ်လမ်း အပိုင်း (၂) ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၆ ဒသမ ၃၃၇၅ သန်း အသုံးပြု၍ အောင်စံပယ်ဖြူကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်နိုင်မှုကြောင့် ညောင်ခုံခမ်းကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

## မန်းရွှေစက်တော်

- မင်းဘူးနယ် အတွင်းရှိ
  ရောက်သင့်၏ ခြေတော်ရာ၊
  သမိုင်းဝင် ဂုဏ်ရှိန်လွှမ်း
  အေးချမ်းသာယာ၊
  မန်းချောင်းဟု ခေါ်တွင်ကာ
  မြတ်ဗုဒ္ဓါ ခြေရာချ၊
  တစ်နှစ်ဝယ် တစ်ကြိမ်ပြု
  ကောင်းမှုတွေစ။

- ရွှေစက်တော် ဘုရားပွဲ
  နှစ်စဉ်နွဲ ပျော်စရာ၊
  မန်းချောင်းဝယ် ရေတွေချိုး
  ကပ်ဆိုးကင်းကွာ၊
  အထက်အောက် ခြေတော်ရာ
  ဖူးမြော်ကာ ကြည်နူးရ၊
  သဒ္ဓါရှင် သမိုင်းကြောင်း
  ကိန်းအောင်းသာစွ။

- မန်းချောင်းရေ ကြည်လင်အေး
  ရောဂါဘေး ပျောက်စေတယ်၊
  တည်းခိုရာ သက်ငယ်စခန်း
  စိတန်းပြည့်ကြွယ်၊
  အမှတ်တရ ပစ္စည်းရယ်
  အိမ်အပြန်ဝယ် လက်ဆောင်များ၊
  ပျော်ရွှင်စရာ ဗဟုသုတ
  ရကြစေသား။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# ဥတ္တရသီရိမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၃၀**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ပင်ဝိုင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ပင်ဝိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၃၇ ဦးကို ငွေကျပ် ၂၄ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သူ ၃၄ ဦးကို ငွေကျပ် ၁၁ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၇ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုညို**

# နိုင်ငံတကာ သတင်းများ

## ဟေတီ၌လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် ယခုနှစ်အတွင်း လူဦးရေ ၁၅၀၀ ကျော်သေဆုံး

**ပို့အော်ပရင့်စ် မတ် ၃၀**

ဟေတီနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ဂိုဏ်းအကြမ်းဖက်မှုများကြောင့် ယခုနှစ်အတွင်း သေဆုံးသူဦးရေ ၁၅၀၀ ကျော်ထိရှိလာကြောင်း မတ် ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

လက်နက်ကိုင်ဂိုဏ်း ရာဇဝတ်မှုများကြောင့် သေဆုံးခဲ့သူများထဲတွင် ကလေးအများအပြားလည်း ပါဝင်နေကြောင်း သိရသည်။

ဟေတီပြည်တွင်းလက်နက်ကိုင်ဂိုဏ်းအုပ်စုများ၏ အကြမ်းဖက်မှုများသည် ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း ပို၍ပြင်းထန်လာခဲ့ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးရုံးက မတ် ၂၈ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

လက်နက်အပြည့်အစုံကိုင်ဆောင်ထားသည့် ဟေတီလက်နက်ကိုင်ဂိုဏ်းများသည် ရဲစခန်းနှင့်နိုင်ငံတကာလေဆိပ်တို့ကို စီးနင်းတိုက်ခိုက်မှုများအပါအဝင် တိုက်ခိုက်မှုများမြင့်တင် လုပ်ဆောင်လာကြောင်း ကုလသမဂ္ဂကြေညာချက်တွင် ဖော်ပြထားသည်။

ဟေတီလက်နက်ကိုင်ဂိုဏ်းများ၏လုပ်ရပ်ကို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ရှုတ်ချထားပြီး အကြမ်းဖက်မှုများရပ်တန့်ရန် တောင်းဆိုထားသည်။

ပြီးခဲ့သည့်နှစ်ကလည်း ဟေတီနိုင်ငံ၌ လက်နက်ကိုင်ဂိုဏ်းအုပ်စုများရန်ကြောင့် လူပေါင်း ၄၄၅၁ ဦးထိသေဆုံးခဲ့ရသည်။

တိုင်းပြည်၏လက်ရှိအခြေအနေအရ ရာထူးမှနုတ်ထွက်ပေးမည်ဖြစ်ကြောင်း ဟေတီဝန်ကြီးချုပ် အာရီယယ်ဟင်နရီက မတ် ၂၁ ရက်တွင် ကြေညာထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဆံပင်ပုံစံခွဲခြားဆက်ဆံမှုပိတ်ပင်ရေးဥပဒေကြမ်း ပြင်သစ်အောက်လွှတ်တော်အတည်ပြု

**ပဲရစ် မတ် ၃၀**

အာဖရိကဟန် ကျစ်ဆံမြီးနှင့် အခြားအာဖရိကဟန် ဆံပင်ပုံစံများအား ခွဲခြားနှိမ့်ချမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသော ဥပဒေကြမ်းတစ်ရပ်ကို ပြင်သစ်အောက်လွှတ်တော်က မတ် ၂၈ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းကို ပြင်သစ်အောက်လွှတ်တော်မှ အာဖရိကန်နွယ်ဖွား လူမည်းအောက်လွှတ်တော်အမတ် အိုလီဗီယာဆာဗာကရေးဆွဲတင်သွင်းထားခြင်းဖြစ်သည်။

အောက်လွှတ်တော်အတည်ပြုခဲ့ပြီးနောက်ယင်းဥပဒေကြမ်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းရေးအတွက် အထက်လွှတ်တော်၏အတည်ပြုချက်ထပ်မံရယူရန် လိုအပ်မည်ဖြစ်သည်။

ယင်းဥပဒေကြမ်းတွင် အာဖရိကဟန်ဆံပင်ပုံစံများကို အလုပ်ခွင်၌ဖြစ်စေအခြားနေရာများတွင်ဖြစ်စေ ခွဲခြားဆက်ဆံမှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားသည်။

အမေရိကန် နိုင်ငံတွင်လည်း အနည်းဆုံးပြည်နယ် ၂၄ ပြည်နယ်တို့၌ ဆံပင်ပုံစံခွဲခြားဆက်ဆံမှုကို ပိတ်ပင်ထားသည့် ဥပဒေများပြဋ္ဌာန်းထားသည်။

သို့ရာတွင် ပြင်သစ်နိုင်ငံအနေဖြင့် ရုပ်ရည်အသွင်အပြင်များအပေါ် ခွဲခြားဆက်ဆံမှုများကို ပိတ်ပင်ထားသည့် ဥပဒေများထားရှိပြီးဖြစ်ရာ ဆံပင်ပုံစံခွဲခြားဆက်ဆံမှု ပိတ်ပင်ရေးဥပဒေကြမ်းမှာ မလိုအပ်တော့ကြောင်း အချို့သောဝေဖန်သူများက သုံးသပ်ထားသည်။

**Ref : Xinhua**
**Trs : KKO**



## ဧပြီ ၈ ရက် နေအပြည့်ကြတ်မှုဖြစ်စဉ်မပေါ်ပေါက်မီ ကနေဒါနိုင်ငံ နီရာဂါရာဒေသ၌ အရေးပေါ်အခြေအနေကြေညာ



**အော့တာဝါ မတ် ၃၀**

ဧပြီ ၈ ရက် နေအပြည့်ကြတ်မှုဖြစ်စဉ်မပေါ်ပေါက်မီ ကနေဒါနိုင်ငံ နီရာဂါရာဒေသမှ တာဝန်ရှိသူများသည် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားကြောင်း မတ် ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

နေအပြည့်ကြတ်မှုဖြစ်ပွားချိန်တွင် နီရာဂါရာရေတံခွန်ရှိရာ နီရာဂါရာဒေသသို့ လူများ အစုအပြုံလိုက် ရောက်ရှိလာမှုကြောင့် ဒေသန္တရအာဏာပိုင်များက ဧပြီ ၈ ရက်မတိုင်မီ ယာယီအရေးပေါ်အခြေအနေတစ်ရပ်ကြေညာထားခြင်းဖြစ်သည်။

အရေးပေါ်အခြေအနေကြေညာထားခြင်းဖြင့် နေကြတ်မည့်ကာလအတွင်း နီရာဂါရာဒေသခံများနှင့် ခရီးသွား၏ ဘေးအန္တရာယ်လုံခြုံရေးကို အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း ကနေဒါတာဝန်ရှိသူများက ကြေညာထားသည်။

နီရာဂါရာရေတံခွန်သည် ဧပြီ ၈ ရက် နေအပြည့်ကြတ်မှုဖြစ်စဉ်အတွင်း လရိပ်ကျရောက်မည့်လမ်းကြောင်းပေါ်တွင် ရှိနေကြောင်း သိရသည်။

ကမ္ဘာကျော် နီရာဂါရာရေတံခွန်သည် ကနေဒါနှင့် အမေရိကန်နယ်စပ်၌တည်ရှိသည့် ရေတံခွန်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဒန်နူဘီမြစ်အတွင်းရှိ ဘူလ်ဂေးရီးယားအပျော်စီးသင်္ဘောတစ်စီး ရေထိန်းတံခါးနံရံကိုဝင်တိုက်မှုကြောင့် လူ ၁၁ ဦး ဒဏ်ရာရရှိ

**ဗီယင်နာ မတ် ၃၀**



ဩစတြီးယားနိုင်ငံ မြောက်ပိုင်း ဒန်နူဘီမြစ်အတွင်း မတ် ၂၉ ရက်တွင် ဘူလ်ဂေးရီးယားအပျော်စီးသင်္ဘောတစ်စီး ရေထိန်းတံခါးနံရံတစ်ခုကို ဝင်တိုက်ခဲ့ရာ လူ ၁၁ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း ဩစတြီးယားရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ဩစတြီးယားမြောက်ပိုင်း အက်ချက်အန်ဒါဗိုနောအမည်ရှိ မြို့အနီးဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရေထိန်းတံခါးနံရံနှင့်တိုက်မိချိန်တွင် ဘူလ်ဂေးရီးယားအပျော်စီးသင်္ဘောပေါ်၌ ခရီးသည်ဦးရေ ၁၆၀ ထိလိုက်ပါလာသည်။

သင်္ဘောနှင့် ရေထိန်းတံခါးနံရံဝင်တိုက်ခဲ့ပြီးနောက် ဒဏ်ရာရခဲ့သူ ၁၁ ဦးကို နီးစပ်ရာဆေးရုံသို့ ဘူလ်ဂေးရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါအပျော်စီးသင်္ဘောသည် ဂျာမနီနိုင်ငံ ဘာဗေရီးယားဒေသမှ ဩစတြီးယားနိုင်ငံ လင့်ဇ်မြို့သို့ မောင်းနှင်နေစဉ် ဒန်နူဘီမြစ်၌ ရေထိန်းတံခါးနံရံကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

သင်္ဘောနှင့် ရေထိန်းတံခါးနံရံဝင်တိုက်မှုကြောင့် ဒဏ်ရာရသူများအနေဖြင့် ဒဏ်ရာပြင်းထန်မှု မရှိကြောင်း ဩစတြီးယားတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အီရန်ငါးဖမ်းသင်္ဘောတစ်စီးကို ပင်လယ်ဓားပြလက်မှ အိန္ဒိယရေတပ်ကယ်တင်

**ဒေလီ မတ် ၃၀**

အာရေဗီယန်း ပင်လယ်ဒေသ၌ ပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသည့် အီရန်ငါးဖမ်းသင်္ဘောတစ်စီးကို ကယ်တင်နိုင်ခဲ့ကြောင်း အိန္ဒိယရေတပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အယ်လ်ခမ်ဘာ ၇၈၆ အမည်ရှိ အဆိုပါငါးဖမ်းသင်္ဘောသည် မတ် ၂၉ ရက်က ပင်လယ်ဓားပြများလက်မှ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်ကြောင်း အိန္ဒိယရေတပ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အယ်လ်ခမ်ဘာ ၇၈၆ ငါးဖမ်းသင်္ဘောကို ယီမင်နိုင်ငံ ဆိုကိုထရာကျွန်းအနီး၌ မတ် ၂၈ ရက်တွင် ပင်လယ်ဓားပြများက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

သို့သော် အိန္ဒိယရေတပ်မှ အိုင်အင်န်အက်စ်ဆူမေဓါအမည်ရှိ စစ်သင်္ဘောနှင့် အိုင်အင်န်အက်စ်ထရိုင်ရှူးလ်အမည်ရှိစစ်သင်္ဘောတို့ကအဆိုပါငါးဖမ်းသင်္ဘောကို မတ် ၂၉ရက်တွင် ကြားဖြတ်တားဆီးနိုင်ခဲ့ရာ သင်္ဘောပေါ်ရှိ ပင်လယ်ဓားပြများ လက်နက်ချအညံ့ခံခဲ့ကြကြောင်း အိန္ဒိယရေတပ်မှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပင်လယ်ဓားပြအန္တရာယ် တိုက်ဖျက်ရေးအတွက် အိန္ဒိယသမုဒ္ဒရာဒေသနှင့် အာရေဗီယန်းပင်လယ်ရေပြင်တို့၌စစ်သင်္ဘော ၂၁ စီးနှင့် စစ်သည်အင်အား ၅၀၀၀ တို့ကို အလှည့်ကျစနစ်ဖြင့် ဖြန့်ကြက်ထားသည်။

ပင်လယ်ဓားပြ တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွင်းအိန္ဒိယနိုင်ငံသည် ပင်လယ်ဓားပြတိုက်မှုဖြစ်စဉ် ၁၈ ခုကိုတုံ့ပြန်ခဲ့ပြီး သင်္ဘောအစီးရေ ၁၀၀၀ကျော်ကိုလည်း စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စီးပွားရေးလုပ်ငန်းကြီးများ၏ကြော်ငြာများ လပေါ်တွင်ထားရှိပေးမည့်အစီအစဉ်ကို အမေရိကန်ကုမ္ပဏီနှစ်ခုက အကောင်အထည်ဖော်မည်






**ဝါရှင်တန် မတ် ၃၀**

စီးပွားရေးလုပ်ငန်းကြီးများ၏ ကြော်ငြာများ လပေါ်တွင်ထားရှိပေးမည့် အစီအစဉ်တစ်ရပ်ကို အမေရိကန် ကုမ္ပဏီနှစ်ခုက အကောင်အထည်ဖော်မည်ဖြစ်ကြောင်း မတ် ၂၉ ရက် သတင်းများအရ သိရသည်။

လပေါ်၌ စီးပွားရေးလုပ်ငန်း ကြော်ငြာများထားရှိရေး အစီအစဉ်အတွက် ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် အက်စထရိုလက်ဘ် အမည်ရှိ ကုမ္ပဏီက ဂျူအော့ဖ်ဟူး မင်းအမည်ရှိ ကုမ္ပဏီတစ်ခုနှင့် သဘောတူညီချက်လက်မှတ် ရေးထိုးထားကြောင်း သိရသည်။

အထက်ပါ အစီအစဉ်အတွက် အက်စထရိုလက်ဘ် ကုမ္ပဏီသည် Flex အမည်ရှိ လဆင်းယာဉ်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

အက်စထရိုလက်ဘ်ကုမ္ပဏီ အနေဖြင့် Flex လဆင်းယာဉ်၏ နံဘေးများတွင် လုပ်ငန်းရှင်များ၏ အမှတ်တံဆိပ် ကြော်ငြာများကို ထားရှိပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

Flex လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်၌ လူသားများနှင့် ပစ္စည်းများကို တစ်နေရာမှ တစ်နေရာပို့ပေးရန် ရည်ရွယ်တည်ဆောက်မည့် လဆင်းယာဉ်ဖြစ်ကြောင်း သိရသည်။

အက်စထရိုလက်ဘ် ကုမ္ပဏီသည် Flex လဆင်းယာဉ်၏ ရွေ့ပြောင်းပုံစံတူကို ကယ်လီဖိုးနီးယားပြည်နယ် သဲကန္တာရဒေသ၌ စမ်းသပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ကြယ်သစ်များဖွဲ့စည်းဖြစ်ပေါ်နေသောကြယ်စုတစ်ခုကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် မတ် ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကြယ်သစ်များ ဖွဲ့စည်းဖြစ်ပေါ်နေသော ကြယ်စုတစ်ခုကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့ကြောင်း မတ် ၂၉ ရက် သတင်းများအရ သိရသည်။

Zwicky 18 အမည်ရှိ အဆိုပါ ကြယ်စုသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၅၉ သန်းအကွာတွင် တည်ရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်မှရရှိသည့် သတင်းအချက်အလက်များအရ Zwicky 18 ကြယ်စုအတွင်း ကြယ်သစ်များ ဖွဲ့စည်းဖြစ်ပေါ်နေကြောင်း သိရသည်။



Zwicky 18 ကြယ်စု၏လက်ရှိ ကြယ်များ ဖွဲ့စည်းဖြစ်ပေါ်မှုဖြစ်စဉ်သည် လွန်ခဲ့သောနှစ်ပေါင်း တစ်ဘီလီယံကပင် စတင်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

Zwicky 18 ကြယ်စုသည် အရွယ်အစားအားဖြင့် ပုံမှန်ထက်သေးသည့် ကြယ်စုအမျိုးအစားဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ Zwicky 18 ကြယ်စုသည် နဂါးငွေ့တန်းကြယ်စုထက် အရွယ်အစားအရ ပိုသေးငယ်ပြီး ဖွဲ့စည်းပုံအရလည်း သိပ်သည်းမှု ပိုနည်းပါးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နိုင်ငံတကာသိပ္ပံပညာရှင်များက နဂါးငွေ့တန်းကြယ်စုကိုလှည့်ပတ်နေသည့် ရှေးဟောင်းကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် မတ် ၃၀**

ယေးလ်တက္ကသိုလ်မှ အမေရိကန်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် နဂါးငွေ့တန်းကြယ်စုကို လှည့်ပတ်နေသည့် ရှေးဟောင်းကြယ်စနစ်တစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း မတ် ၂၉ ရက် သတင်းများအရ သိရသည်။

UMa 3/U1 ဟု၍ အမည်ပေးထားသော အဆိုပါကြယ်စနစ်သည် နဂါးငွေ့တန်းကြယ်စု၏ အရံကြယ်စနစ်များအနက် အလင်းအနည်းဆုံး၊ ဒြပ်ထုအနည်းဆုံး ကြယ်စနစ်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် UMa 3/U1 ကြယ်စနစ်သည် နဂါးငွေ့တန်းကြယ်စနစ်များ၏ အရံကြယ်စနစ်များအနက် မဟူရာဒြပ်စင်ခေါ် ထူးဆန်းသည့် စကြဝဠာဒြပ်စင်တစ်မျိုး အများဆုံးရှိနေသော ကြယ်စနစ်လည်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် အဆိုပါကြယ်စနစ်ကိုဟာဝိုင်ရီကျွန်းအခြေစိုက် ဒဗလျူအမ်ကက်ခ် ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

UMa 3/U1 ကြယ်စနစ်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၃၀၀၀၀ ခန့်အကွာတွင် တည်ရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါကြယ်စနစ်သည် အရွယ်အစားအားဖြင့် အချင်း ၁၀ ဘီလီယံခန့်သာရှိပြီး သက်တမ်း နှစ်ပေါင်း ၁၀ ဘီလီယံထိရှိသော ကြယ်ပေါင်း ၆၀ ခန့်ဖြင့် ဖွဲ့စည်းထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ပဋိသန္ဓေတားဆေးထိုးသူ အမျိုးသမီးများ၌ ဦးနှောက်ကင်ဆာတစ်မျိုးဖြစ်နိုင်ခြေ မြင့်မားနိုင်

**ပဲရစ် မတ် ၃၀**

ပဋိသန္ဓေတားဆေး ထိုးသူ အမျိုးသမီးများ၌ ဦးနှောက်ကင်ဆာ ရောဂါတစ်မျိုး ဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ကြောင်း မတ် ၂၉ ရက် သတင်းများအရ သိရသည်။

Medroxyprogesterone Acetate (Depo Provera) ထိုးဆေးသုံးစွဲသည့် အမျိုးသမီးများ၌ Meningioma ခေါ် ဦးနှောက်ကင်ဆာရောဂါတစ်မျိုးဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားနေတတ်ကြောင်း ပြင်သစ်သုတေသနပညာရှင်များက ပြောကြားသည်။

Meningioma သည် ဦးနှောက်နှင့် ကျောရိုးမတို့ကို ဖုံးပေးထားသည့် အမြှေးလွှာများ၌ဖြစ်ပွားတတ်သော ကင်ဆာရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများ၌ Meningioma ကင်ဆာဖြစ်ပွားမှုဖြစ်စဉ်တချို့မှာ Medroxyprogesterone Acetate ထိုးဆေးသုံးစွဲမှုနှင့် ဆက်စပ်နေသည်ကို တွေ့ရကြောင်း ပြင်သစ် သုတေသနပညာရှင်များက ပြောကြားသည်။

ပြင်သစ် သုတေသနပညာရှင်များသည် အမျိုးသမီး ၁၈၀၆၁ ဦးတို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Medroxyprogesterone Acetate ထိုးဆေးသုံးစွဲသူ အမျိုးသမီးများသည် မသုံးစွဲသူ အမျိုးသမီးများထက် Meningioma ဖြစ်နိုင်ခြေ ငါးဆကျော်ပိုမြင့်မားသည်ကို တွေ့ရကြောင်း ပြင်သစ် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## မလှုပ်မရှားထိုင်နေချိန် လျှော့ချပေးနိုင်ပါက သက်ကြီးပိုင်းများ၏သွေးဖိအားကို လျှော့ချနိုင်

**နယူးယောက် မတ် ၃၀**

မလှုပ်မရှားထိုင်နေချိန်ကို တစ်ရက်လျှင် မိနစ် ၃၀ မျှလျှော့ချပေးနိုင်ပါက သက်ကြီးပိုင်းများ၏ သွေးဖိအားကို လျှော့ချနိုင်ကြောင်း မတ် ၂၉ ရက် သတင်းများအရ သိရသည်။

မလှုပ်မရှားထိုင်နေချိန်များကို တစ်ရက်လျှင် မိနစ် ၃၀ မျှ လျှော့ချပေးခြင်းဖြင့် သက်ကြီးပိုင်းများ၏ သွေးဖိအားကို ၃ ဒသမ ၅ မှတ်ခန့် လျှော့ချနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများကို မြှင့်တင်ပေးပါက သွေးဖိအားကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် မလှုပ်မရှားထိုင်ချိန်ကို လျှော့ချမှုသည် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပိုမိုပြုလုပ်ခြင်းထက်ပို၍ လွယ်ကူကြောင်းသုတေသနပညာရှင်များက သုံးသပ်ထားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ သက်ကြီးပိုင်းများသည် တစ်နေ့တာ နိုးထနေချိန်၏ ၆၅ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြားကို မလှုပ်မရှားထိုင်နေတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၆၀ နှင့် ၈၉ နှစ်ကြား သက်ကြီးပိုင်း ၂၈၃ ဦးကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






# ဂျာအိုဖီးလစ်ကို ခံစစ်ကစားသမားအင်နီဂိုမာတီနက်ဇ်နှင့် အလဲအထပ်ပြုလုပ်ရန် ဘာစီလိုနာအသင်းစီစဉ်



**ဘာစီလိုနာ မတ် ၃၀**

ဘာစီလိုနာ အသင်းသည် အေတီကိုအသင်းမှ တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို ပြောင်းရွှေ့ကြေးမြင့်မားသည့်အတွက် ဘဏ္ဍာရေးအခက်အခဲရှိနေသောကြောင့် ခံစစ်ကစားသမား အင်နီဂိုမာတီနက်ဇ်နှင့် အလဲအထပ်ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေါ်တာက ဂျာအိုဖီးလစ်ကို အပြီးသတ် ခေါ်ယူလိုသော်လည်း အသင်းအနေဖြင့် ဘဏ္ဍာရေး အကျပ်အတည်း ဖြစ်ပေါ်နေချိန်တွင် အေတီကိုအသင်းက တောင်းဆိုထားသည့် ပြောင်းရွှေ့ကြေး ယူရိုသန်း ၈၀ ဝန်းကျင်ကို ပေးချေရန် အခက်အခဲရှိနေသဖြင့် ခံစစ်ကစားသမား အင်နီဂိုမာတီနက်ဇ်နှင့် အလဲအထပ်ပြုလုပ်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ခံစစ်ကစားသမား မာတီနက်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ဒဏ်ရာမကြာခဏကြုံတွေ့ခဲ့ရသော်လည်း ပြိုင်ပွဲစုံ ၁၈ ပွဲ ပါဝင်ကစားခွင့်ရခဲ့ကာ ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အေတီကိုအသင်းကလည်း ၎င်းကိုခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။

လက်ရှိတွင် မာတီနက်ဇ်သည် ပုံမှန်ပွဲထွက်ခွင့် ရရှိရေးအတွက် အသင်းဖော်ကစားသမား အာရှုဂျိုနှင့် ယှဉ်ပြိုင်နေရပြီး အာရှုဂျိုထွက်ခွာသွားပါက ၎င်းသည် ဘာစီလိုနာအသင်းတွင် ပုံမှန်ပွဲကစားခွင့်ရရှိလာနိုင်သော်လည်း အာရှုဂျိုဆက်လက်ရှိနေပါက ပွဲကစားခွင့်ပျောက်ဆုံးနိုင်သောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကြောင်း သိရသည်။

အေတီကို အသင်းသည် မာတီနက်ဇ်၏ကစားပုံကို စောင့်ကြည့်နေသောကြောင့် ဘာစီလိုနာအသင်း၏ကမ်းလှမ်းမှုကို တုံ့ပြန်ခြင်းမရှိသေးဘဲ ဘောလုံးရာသီကုန်ဆုံးချိန်မှသာ ဆုံးဖြတ်သွားမည်ဖြစ်သော်လည်း ဂျာအိုဖီးလစ်ကို ကစားသမား အလဲအထပ်ပြုလုပ်ပါက ကစားသမားတစ်ဦးအပြင် ပြောင်းရွှေ့ကြေး အနည်းငယ်ကိုလည်း အလိုရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# WBO စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲ၌ ဗယ်လ်ဒက်ဇ် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိ

**အရီဇိုးနား မတ် ၃၀**

WBO စူပါဖယ်သာဝိတ်တန်း ယာယီကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် မက္ကဆီကိုလက်ဝှေ့သမား ဗယ်လ်ဒက်ဇ်နှင့် ဩစတြေးလျ လက်ဝှေ့သမား လီအန်းဝီလ်ဆင်တို့ အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဂလန်ဒယ်မြို့တွင် ယနေ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဗယ်လ်ဒက်ဇ်က ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်အား ဆွတ်ခူးခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဗယ်လ်ဒက်ဇ်က လီအန်းဝီလ်ဆင်နှင့် ၎င်းတို့ကြား လယ်ဗယ်ကွာဟနေသေးကြောင်း ပြသနိုင်ခဲ့ပြီး ခုနစ်ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗယ်လ်ဒက်ဇ်သည် လီအန်းဝီလ်ဆင်အား အနိုင်ထိုးသတ်ခဲ့ရာတွင် ၎င်း၏ လျှင်မြန်သော Jab ထိုးချက်များကို အဓိကအသုံးပြုခဲ့ပြီး လီအန်းဝီလ်ဆင်၏ တန်ပြန်ထိုးချက်များကိုလည်း အကောင်းဆုံး ကာကွယ်နိုင်ခဲ့သည်။

ဗယ်လ်ဒက်ဇ်က ခြောက်ချီမြောက်တွင် ဘယ်ဖက်လက်သီးဖြင့် လီအန်းဝီလ်ဆင်၏ ကိုယ်ခန္ဓာအား ထိုးသတ်ကာ ညာဖက်လက်သီးဖြင့် မျက်နှာကို ထိုးသတ်ခဲ့သည့်အတွက် လီအန်းဝီလ်ဆင် လဲကျခဲ့ရသည်။ လီအန်းဝီလ်ဆင်က အရှုံးမပေးဘဲ ပြန်ထလာနိုင်ခဲ့သော်လည်း ခုနစ်ချီမြောက်တွင်မူ ဗယ်လ်ဒက်ဇ်၏ ထိုးချက်ကြောင့် ထပ်မံလဲကျခဲ့သည့် လီအန်းဝီလ်ဆင်သည် ပြန်ထလာနိုင်ခဲ့သော်လည်း ကြိုးဝိုင်းဒိုင်က လီအန်းဝီလ်ဆင်၏ အခြေအနေကြောင့် ဒိုင်ပွဲရပ်ရလဒ်ဖြင့် ဗယ်လ်ဒက်ဇ်ကို အနိုင်ပေးခဲ့သည်။

ဗယ်လ်ဒက်ဇ်က "ဒီနိုင်ပွဲဟာ ကျွန်တော့်အတွက် အရမ်းအဓိပ္ပာယ်ရှိတယ်။ လူတွေကျွန်တော့်အပေါ်မှာ အထင်မြင်မှားနေတာကို အမှန်မြင်လာအောင် သက်သေပြနိုင်ခဲ့တယ်။ လူတချို့က ကျွန်တော် အသက် ၃၀ ကျော်နေပြီ ဘာမှဖြစ်လာတော့မှာမဟုတ်ဘူး။ ကိုယ့်ထက် အသက်ငါးနှစ်လောက်ငယ်တဲ့ ပြိုင်ဘက်နဲ့ထိုးသတ်တာ မှားယွင်းတဲ့ဆုံးဖြတ်ချက်ဖြစ်သလို ကြိုးဝိုင်းထဲဝင်ပြီး မေးရိုးအကျိုးခံမလို့လား ဆိုတဲ့ မေးခွန်းတွေလဲ မေးခဲ့ကြတယ်။ သူတို့ရဲ့အမြင်တွေကို ကျွန်တော်လျစ်လျူရှုခဲ့တယ်။ သူတို့အားလုံး မှားယွင်းနေတယ်ဆိုတာကို ကျွန်တော်အကောင်းဆုံး သက်သေပြနိုင်ခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Xinhua**
**Trs : AZL**




**ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၂၇) ရလဒ်**

| | | | |
|---|---|---|---|
| ဂလာဘတ် | ၀ - ၃ | ဖရိုင်းဘတ် | |
| ဖရန့်ဖတ် | ၀ - ၀ | ယူနီယံဘာလင် | |
| လိုက်ပ်ဇစ် | ၀ - ၀ | မိန့်ဇ် | |
| ဝါဒါဘရီမင် | ၀ - ၂ | ဝုဖ်ဘတ် | (၀၄၀) |

## အားကစားသတင်းအတိုအထွာများ

- ❑ အယ်ဟိုင်လာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပါက ဘာစီလိုနာအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန်ဆန္ဒရှိကြောင်း နေမာက ထုတ်ဖော်ပြောကြားခဲ့ပြီး ၎င်းအနေဖြင့် ဘာစီလိုနာအသင်းမှ လာပေါ်တာ၊ အားကစားဒါရိုက်တာ ဒေကိုတို့နှင့် တွေ့ဆုံခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့သည်။
- ❑ ဘွန်ဒက်လီဂါပွဲစဉ် (၂၇) တွင် လေဗာကူဆင်အသင်းက ဟော်ဖန်ဟိမ်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ပြိုင်ပွဲစုံ ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

**ML**

# လာမည့်နှစ်ဘောလုံးရာသီ ဘာစီလိုနာအသင်းတွင် ဆက်လက်ကျန်ရှိမည့် ကစားသမားစာရင်း ထုတ်ပြန်

**ဘာစီလိုနာ မတ် ၃၀**

ဘာစီလိုနာ အသင်းသည် လာမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် အသင်းတွင် ဆက်လက်ကျန်ရှိမည့် ကစားသမားများနှင့် အငှားသို့မဟုတ် အလွတ်ပြောင်းရွှေ့ခွင့်ပြုသွားမည့် ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်ကတည်းက အသင်းဘဏ္ဍာရေး အကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီး လက်ရှိအချိန်ထိ ဖြေရှင်းနိုင်ခြင်းမရှိသဖြင့် နည်းပြဇာဗီသည် လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများက လာမည့်နှစ်တွင် အသင်းတွင် ဆက်လက်ကျန်ရှိမည့် ကစားသမားစာရင်းနှင့် လက်လွှတ်သွားမည့်ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစာရင်းတွင် ဂိုးသမားများအဖြစ် တာစတီဂန်၊ အီနာကီပီနာ၊ ခံစစ်ပိုင်းတွင် အာရှုဂျို၊ ခွန်ဒီ၊ ခရစ်စတန်ဆန်၊ ဘာလိတ်၊ အင်နီဂိုမာတီနက်ဇ်၊ ကျူဘာစီ၊ ဂါစီယာ၊ ကွင်းလယ်တွင် ဂါဗီ၊ ပက်ထရီ၊ဖရန်ကီဒီဂျောင်း၊ ဂန်ဒိုဂန်၊ ရိုမီယူ၊ ဖာမင်လိုပက်ဇ်၊ တိုက်စစ်ပိုင်းတွင် လီဝမ်ဒေါ့စကီး၊ ဇစ်တာရိုကို့၊ ဖာရန်တောရက်စ်နှင့် ယာမယ်တို့ ပါဝင်ခဲ့သော်လည်း ဖရန်ကီဒီဂျောင်း၊ တာစီတီဂန်၊ ခရစ်စတန်ဆန်၊ အာရှုဂျိုတို့ကို ထိပ်သီးကလပ်အသင်းများက စိတ်ဝင်စားနေသောကြောင့်ဆက်လက်ထိန်းသိမ်းရန် အခက်တွေ့နေသည်။

ဘာစီလိုနာ အသင်းက လက်လွှတ်သွားမည့် ကစားသမားများမှာ ခံစစ်ကစားသမားဂျူလီယန်၊ ဟက်တာဖို့ဒ်၊ ပါဘလိုတိုရီ၊ အန်ဆုဖာတီ၊ ဂူယူတို့ကို အငှားစေလွှတ်ရန် ဆုံးဖြတ်ထားသကဲ့သို့ ဆာဂျီနီဒက်၊ လန်ဂလက်၊ ရာဖင်ဟာတို့ကို အပြီးသတ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အသက်အရွယ်အရ အကျပိုင်းရောက်လာသည့် ခံစစ်ကစားသမား အလွန်ဆိုနှင့် ရော်ဘတ်တိုတို့ကို အလွတ်ပြောင်းရွှေ့ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ရီးရဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမား အာနိုးကိုခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်

**မက်ဒရစ် မတ် ၃၀**

ရီးရဲလ်မက်ဒရစ် အသင်းသည် ခံစစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် လီဗာပူးအသင်းနှင့် ခံစစ်ကစားသမား အာနိုးတို့၏ စာချုပ်သက်တမ်းတိုးမည့် အခြေအနေကို စောင့်ကြည့်နေပြီး ကမ်းလှမ်းမှုပြုလုပ်ရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ခံစစ်ကစားသမားအာနိုးသည် နည်းပြကလော့ပ်လက်ထက်တွင် ခြေစွမ်းပိုင်းတိုးတက်လာသည့် ကစားသမားဖြစ်ပြီး နည်းပြကလော့ပ်အနေဖြင့် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်သောကြောင့် အာနိုးက အသင်းနှင့် စာချုပ်သစ်ကိစ္စကို တုံ့ပြန်ခြင်းမရှိခဲ့ဘဲ သက်တမ်းတိုးရန် ကြန့်ကြာနေသဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေး အနည်းငယ်ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား အာနိုးအပြင် အဓိကကစားသမားများဖြစ်သည့် ဗန်ဒိုက်နှင့် ဆာလာဟ်တို့ကို သက်တမ်းတိုးရန် ပြင်ဆင်နေသော်လည်း ကစားသမားများအနေဖြင့် နည်းပြကလော့ပ်ထွက်ခွာသွားပါက အသင်းတွင် ဆက်လက်ရှိနေရန် မသေချာသဖြင့် ဘောလုံးရာသီကုန်ဆုံးမှသာ စာချုပ်သစ်ကိစ္စကို ဆွေးနွေးသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။




လီဗာပူးလူငယ် အကယ်ဒမီကစားသမားအာနိုးသည် ၂၀၁၆ ခုနှစ်က အသင်းကြီးနှင့် ပွဲထွက်ခွင့်စတင်ရရှိခဲ့ပြီးနောက် အသင်းနှင့် ပြိုင်ပွဲစုံ ၃၀၂ ပွဲကစားခဲ့ရာ သွင်းဂိုး ၁၈ ဂိုးနှင့် ဂိုးဖန်တီးမှု ၅၈ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကာ ပရီးမီးယားလိဂ်နှင့် ချန်ပီယံလိဂ် ဆုဖလားများ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ONE Friday Night ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦးနှင့် မိုးထက်အောင်တို့ ပြိုင်ဘက်များကို အလဲထိုးဖြင့် အနိုင်ရ



**ရန်ကုန် မတ် ၃၀**

မြန်မာဖိုက်တာနှစ်ဦးဖြစ်သည့် စိုးလင်းဦးနှင့် မိုးထက်အောင်တို့သည် ထိုင်းနိုင်ငံတွင်ကျင်းပခဲ့သည့် ONE Friday Night ပြိုင်ပွဲတွင် ဝင်ရောက်ထိုးသတ်ခဲ့ရာ ပြိုင်ဘက်များကို အလဲထိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိ အာရှဒေသတွင်းတွင် MMA ပြိုင်ပွဲများကို ကြီးမှူးကျင်းပနေသည့် ONE Championship သည် ထိုင်းနိုင်ငံတွင် ONE Friday Night ပြိုင်ပွဲများကို အပတ်စဉ် သောကြာနေ့များတွင် ကျင်းပလျက်ရှိနေပြီး အဆိုပါပြိုင်ပွဲတွင် မွေထိုင်းပွဲစဉ်များကိုသာ သီးသန့်ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်သည်။

ONE Friday Night ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦးက ဒုတိယအကြိမ် ကစားခွင့်ရရှိခဲ့ကာ မိုးထက်အောင်က ပထမဆုံးအကြိမ် ကစားခဲ့ရခြင်းဖြစ်ပြီး စိုးလင်းဦးသည် ပေါ်တူဂီဖိုက်တာ ဖာဘီယိုရိစ်နှင့် ထိုးသတ်ခဲ့ရာ စိုးလင်းဦးက ၎င်း၏ ထိုးသတ်ဟန်အတိုင်း ပြိုင်ဘက်ကို တိုက်စစ်ဖွင့်ထိုးသတ်ခဲ့သဖြင့် ဒုတိယအချီတွင် စိုးလင်းဦးကအားပါသည့် ထိုးချက်များဖြင့် ဆက်တိုက်ဖိအားပေးထိုးသတ်ခဲ့ရာ ဖာဘီယိုရိစ်အနေဖြင့်လဲကျခဲ့ပြီးနောက် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး နိုင်ပွဲထပ်မံရရှိခဲ့သည်။

အလားတူ မြန်မာဖိုက်တာ မိုးထက်အောင်သည်လည်း ဂျပန်ဖိုက်တာ မာယူရာမာနှင့် ထိုးသတ်ခဲ့ရာ တတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**STA**

# မီယာမီအိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဂျန်နစ်ဆင်နာနှင့် ဒီမီထရော့ဖ်တို့ ဗိုလ်လုပွဲတက်ရောက်

**ဖလော်ရီဒါ မတ် ၃၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီကမ်းခြေတွင် ကျင်းပနေသည့် မီယာမီအိုးပင်း အမျိုးသားတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာနှင့် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမားဒီမီထရော့ဖ်တို့ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ဆင်နာသည် ဆီမီးဖိုင်နယ်အဆင့်တွင် မျက်ဒဗျက်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီးအကြိတ်အနယ်ရှိနိုင်သည့် ပွဲစဉ်အဖြစ် သတ်မှတ်ခံထားရသော်လည်း ဂျန်နစ်ဆင်နာက (၆-၁ ၊ ၆-၂) ရလဒ်ဖြင့် ပြတ်ပြတ်သားသားအနိုင်ရခဲ့သည်။

မျက်ဒဗျက်အနေဖြင့် ဂျန်နစ်ဆင်နာနှင့် နောက်ဆုံးတွေ့ဆုံခဲ့သော ငါးကြိမ်တွင် ငါးကြိမ်စလုံး ရှုံးနိမ့်ခဲ့ရသည့် မှတ်တမ်းဆိုးတစ်ရပ်ဖြင့်လည်း ရင်ဆိုင်ခဲ့ရသည်။

မျက်ဒဗျက်သည် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး နိုင်ခြေအဆင့်(၃)အဖြစ် သတ်မှတ်ခံထားရပြီး ဆီမီးဖိုင်နယ်အဆင့်မတိုင်မီ ပုံစံကောင်းရရှိခဲ့သူ ဖြစ်သော်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ၎င်းအနေဖြင့် လက်ရှိချန်ပီယံတစ်ယောက်၏ လက်စွမ်းမျိုးဖြင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ဂျန်နစ်ဆင်နာက လက်စွမ်းနှင့်ထိုက်တန်သော ရလဒ်ကို ရရှိခဲ့သည်။

ဂျန်နစ်ဆင်နာနှင့် ဗိုလ်လုပွဲအဆင့်တွင် ယှဉ်ပြိုင်ကစားသွားရမည့် ဒီမီထရော့ဖ်သည် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဒီမီထရော့ဖ်က (၆-၄၊ ၆-၇၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဒီမီထရော့ဖ်က"ဇီရက်ဖ်နဲ့ပွဲစဉ်မှာ ကျွန်တော့်အနေနဲ့ ဇီရက်ဖ်ရိုက်လိုက်တဲ့ ဘောလုံးတိုင်းကို ပြင်းပြင်းထန်ထန် ပြေးမလိုက်ရအောင် အကောင်းဆုံးနေရာယူဖို့ အာရုံစိုက်ကစားခဲ့တယ်။ ပွဲအပေါ် သေချာအာရုံစိုက်ရင် တစ်ဖက်ကစားသမားရိုက်လိုက်တဲ့ ဘောလုံး ဘယ်ရောက်မလဲဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ကျွန်တော့် ကစားသမားဘဝ တစ်လျှောက် ဒီနေ့ပွဲစဉ်ဟာ အကောင်းဆုံးပွဲစဉ်တွေထဲက တစ်ပွဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ၂၀၂၄-၂၀၂၈ သက်တမ်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်

**ရန်ကုန် မတ် ၃၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)၏ ရွေးကောက်ပွဲညီလာခံ MFF Elective Congress 2024 ကို ယနေ့နံနက် ၉ နာရီက နိုဗိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပခဲ့ပြီး ၂၀၂၄-၂၀၂၈ သက်တမ်းအတွက် အလုပ်အမှုဆောင် အဖွဲ့သစ်အား ရွေးချယ်ခဲ့ကြောင်း သိရသည်။

MFF ရွေးကောက်ပွဲညီလာခံတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းများစာရင်းကို အတည်ပြုခြင်း၊ ရွေးကောက်ပွဲညီလာခံ အထမြောက်ကြောင်းကြေညာခြင်း၊ MFF ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားခြင်း၊ MFF ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌမှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြခြင်း စသည်တို့အား အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

ထို့နောက် MFF ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်က ၂၀၂၄-၂၀၂၈ သက်တမ်း အလုပ်အမှုဆောင်သစ်များ ရွေးကောက်ပွဲတွင် ဥက္ကဋ္ဌရာထူးအား ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ အမျိုးသားနေရာ (၂) ခုအတွက် ဦးပြည့်ဖြိုးတေဇနှင့် ဦးထိပ်ခွန်နောင်မြင့်ဝေ၊ ဒုတိယဥက္ကဋ္ဌ အမျိုးသမီးနေရာတစ်နေရာအတွက် ဒေါက်တာ ဒေါ်ခင်စောဦးတို့ကို အခမ်းအနားတက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူကာ ကြေညာခဲ့သည်။

မဲပေးရွေးချယ်မှုများအပြီးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မြန်မာ့ဘောလုံးလောကအတွက် ကြိုးပမ်းဆောင်ရွက် ပေးခဲ့မှုကို လေးစားအသိအမှတ်ပြုသောအားဖြင့် အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း ဦးသောင်းထိုက်အား ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ဆုတံဆိပ်နှင့် တကွ ပေးအပ်ခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယကများအဖြစ် ဦးအောင်ကိုဝင်းနှင့် ဒေါက်တာစိုင်းဆမ်ထွန်းတို့ကို အလုပ်အမှုဆောင်အဖွဲ့က အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ပါကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ထို့နောက် အာဆီယံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ Maj.Gen.Khiev Sameth မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)၏ ရွေးကောက်ပွဲညီလာခံ MFF Elective Congress 2024 အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအတွက် ဂုဏ်ပြုစကားပြောကြားခဲ့ပြီး MFF ဥက္ကဋ္ဌ ဦးဇော်ဇော်က အလုပ်အမှုဆောင်အဖွဲ့သစ်ကိုယ်စား ကျေးဇူးတင်စကားပြောကြားကာ ညီလာခံအားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# လေဗာကူဆင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိလက်တွဲရန် နည်းပြ အလွန်ဆို ဆုံးဖြတ်

**ဘာလင် မတ် ၃၀**

လေဗာကူဆင် အသင်းနည်းပြ အလွန်ဆိုကို ဥရောပထိပ်တန်းအသင်းကြီးများ အပြိုင်ခေါ်ယူရန် ပြင်ဆင်လျက် ရှိနေသော်လည်း ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ပြီး လေဗာကူဆင်အသင်းတွင် စာချုပ်သက်တမ်းကုန်ဆုံးသည်ထိ ကစားရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၄၂ နှစ်ရှိ နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ပထမဆုံး ဘောလုံးရာသီတွင်ပင် ယူရိုပါလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အလားတူ ယခုနှစ် ဘောလုံးရာသီတွင်လည်း နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို ရလဒ်ကောင်းများ ရယူပေးထားပြီး လက်ရှိအချိန်ထိ ပြိုင်ပွဲစုံတစ်ပွဲမျှ ရှုံးပွဲမရှိသည့်အပြင် အသင်းကိုလည်း ပထမဆုံးအကြိမ် ဂျာမန်ဘွန်ဒက်လီဂါဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ရန် နီးစပ်လျက်ရှိနေသည်။



လေဗာကူဆင် အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည့် နည်းပြအလွန်ဆိုကို လက်ရှိတွင် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပရီးမီးယားလိဂ်မှ လီဗာပူးအသင်းတို့က နည်းပြသစ်ခန့်အပ်ရန် အပြိုင်ကြိုးပမ်းနေသော်လည်း နည်းပြအလွန်ဆိုက လေဗာကူဆင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ လက်တွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# Texas Children's Houston Open ပြိုင်ပွဲအမှတ်ပေးဇယားကို တိုနီဖီနော့ဦးဆောင်

**တက္ကဆက် မတ် ၃၀**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟောက်စတန်မြို့တွင် ကျင်းပနေသည့် Texas Children's Houston Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား တိုနီဖီနော့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလိပ်တီးနား ဂေါက်သီးရိုက်ကစားသမား တော့စတီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး ဘယ်လ်ဂျီယံဂေါက်သီးရိုက် ကစားသမား သောမတ်စ်ဒီထရိုင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

တိုနီဖီနော့သည် လက်ရှိချန်ပီယံတစ်ဦးဖြစ်ပြီး လက်ရှိချန်ပီယံကို ကာကွယ်လိုကြောင်းလည်းထုတ်ဖော်ပြောကြားထားပြီး ပထမနေ့တွင် ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်း ဒုတိယနေ့၌ သတ်မှတ်ရိုက်ချက်ထက်ရှစ်ချက်ထိ လျော့ရိုက်နိုင်ခဲ့ပြီး Texas Children's Houston Open ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ၁၈ ကျင်းတွင် သတ်မှတ်ရိုက်ချက်ထက်အများဆုံး လျော့ရိုက်နိုင်ခဲ့သည့် ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ပထမနေ့တွင် ပုံစံကောင်းပြသခဲ့သော်လည်း ဒုတိယနေ့တွင် သတ်မှတ်ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့သည့်အတွက် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ထားပြီး အမှတ်ပေးဇယား၏ T4 နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

### ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) ရလဒ်

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၄ | - | ၃ | ဝက်စ်ဟမ်း |
| ဘုန်းမောက် | ၂ | - | ၁ | အဲဗာတန် |
| ချဲလ်ဆီး | ၂ | - | ၂ | ဘန်လေ |
| နော်တင်ဟမ် | ၁ | - | ၁ | ပဲလေ့စ် |
| ရှက်ဖီးလ်(U) | ၃ | - | ၃ | ဖူလ်ဟမ် |
| စပါး | ၂ | - | ၁ | လူတန် |

(ဝ၄ဝ)

# ရေတွေဘာတွေစို ဇာတ်လမ်းတွဲကို ဧပြီလတွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် မတ် ၃၀**

ရွှေစန္ဒာမင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရေတွေဘာတွေစို ဇာတ်လမ်းတွဲကို ဧပြီလတွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ နေမင်းတင်က ပြောပြ၍ သိရသည်။

ရေတွေဘာတွေစို ဇာတ်လမ်းသည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို နောက်ခံထားကာ ရိုက်ကူးထားသည့် အချစ်ဇာတ်မြူးဇာတ်လမ်းဖြစ်ပြီး မောင်ငယ်ရင်သွေး၏ ဝတ္ထုဇာတ်လမ်းကို ဇာတ်ညွှန်း ညီအောင်ညီကရေးသားပြီး ဒါရိုက်တာ နေမင်းတင်က ရွှေစန္ဒာမင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်လမ်းလေးက သင်္ကြန်ကားကိုမှ ဇာတ်လမ်းပုံစံလေးက လူငယ်စတိုင် အပျော်ဖန်စီပုံစံလေးပါ။ အဓိကကတော့ သင်္ကြန်ရသလေးကို ခံစားရမယ်။ မြန်မာ့ရိုးရာသင်္ကြန်မှာ လူငယ်တွေ ပျော်တဲ့ပုံစံလေးတွေပါတယ်။ ဒီဇာတ်လမ်းတွဲလေးကို ကြည့်တာနဲ့ သင်္ကြန်နဲ့ပတ်သက်တဲ့ ရသလေးကို ခံစားရမှာပါ။ ပျော်စရာကောင်းပြီး ချစ်စရာကောင်းတဲ့စိတ်ခံစားချက်လေးလဲရမှာပါ။ အရင်တုန်းက မြင်နေကျပုံစံမျိုးနဲ့မတူတဲ့ သင်္ကြန်ဇာတ်လမ်းမျိုးကို မြင်တွေ့ရမှာပါ။ အပိုင်း (၈) ပိုင်းပါဝင်မှာဖြစ်ပါတယ်”ဟု ဒါရိုက်တာ နေမင်းတင်က ပြောပြသည်။

ရေတွေဘာတွေစို ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရဲရင့်သူ(YT)၊ လွင်မင်းသန့်၊ ဟိန်းသန့်ဇေ၊ ကျော်ထွန်းနေ၊ မေလသံစဉ်၊ ပြည့်ကောင်းစုသန့်၊ ဇော်ဝင်းနိုင်(မန်း)၊ သန်းသန်းစိုး၊ ဝွမ်းပုံကြီးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိဇာတ်ကား၌ မင်းသမီး ကတ်ဂရေဟမ် ပါဝင်မည်

**နယူးယောက် မတ် ၃၀**

ကမ္ဘာကျော်ပေါ့အဆိုတော်ကြီး မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိ ဇာတ်ကားသစ်၌ Uampire Diaries မင်းသမီး ကတ်ဂရေဟမ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၂၉ ရက် သတင်းများအရ သိရသည်။

မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိ ဇာတ်ကားသစ်တွင် ကတ်ဂရေဟမ်သည် ကမ္ဘာကျော်ဂန္ထဝင်အမျိုးသမီးအဆိုတော်ကြီး ဒိုင်ယာနာရော့အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

ဒိုင်ယာနာရော့သည် မိုက်ကယ်ဂျက်ဆင်၏ ဘဝတစ်လျှောက်လုံး ကလေးဘဝမှစ၍ ဩဇာလွှမ်းမိုးမှုရှိခဲ့သူဖြစ်ပြီး မိုက်ကယ်ဂျက်ဆင်၏ အတ္ထုပ္ပတ္တိ ဇာတ်ကားသစ်တွင် မိုက်ကယ်ဂျက်ဆင်အဖြစ် ၎င်း၏ တူတော်စပ်သည့် ဂျာဖာဂျက်ဆင်က သရုပ်ဆောင်မည်ဖြစ်သည်။

မိုက်ကယ်ဂျက်ဆင် ဇာတ်ကားကို ဒါရိုက်တာ အန်တိုနီဖူကွာက ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၅၅ သန်း သုံးစွဲရိုက်ကူးမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ၂၀၂၅ ခုနှစ် ဧပြီ ၈ ရက်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တိုင်းရင်းသားများ၏ရိုးရာဂီတနှင့် အကဘာသာရပ်များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့တွင် သင်ကြားပို့ချရန်စီစဉ်

**ရန်ကုန် မတ် ၃၀**

မြန်မာတိုင်းရင်းသားများဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် (မန္တလေး) တို့တွင် သင်ကြားပို့ချရန် စီစဉ်နေပြီဖြစ်ကြောင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ်ဒေါက်တာ ကေသီထွေးက ပြောပြ၍ သိရသည်။

ထိုသို့ တိုင်းရင်းသားအသီးသီး၏ ရိုးရာအမွေအနှစ်များဖြစ်သည့် ရိုးရာဂီတနှင့် အကဘာသာရပ်များကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)တွင် ကရင်တိုင်းရင်းသား၊ မွန်တိုင်းရင်းသား၊ ရခိုင်တိုင်းရင်းသားများ၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)တွင် ရှမ်းတိုင်းရင်းသား၊ ကချင်တိုင်းရင်းသား၊ ချင်းတိုင်းရင်းသား၊ ကယားတိုင်းရင်းသားတို့၏ ရိုးရာဂီတနှင့် အကဘာသာရပ်များကိုလည်းကောင်း သင်ကြားပို့ချနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။




“အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တွေမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားတွေရဲ့ ရိုးရာဂီတတွေနဲ့ အကဘာသာရပ်တွေကို သင်ကြားပို့ချနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းတွေအနေနဲ့ သက်ဆိုင်ရာတိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့တွေက အကနဲ့ ဂီတပညာရှင်တွေနဲ့ သင်ရိုးညွှန်းတမ်းရေးဆွဲမှုလဲ တက္ကသိုလ်အသီးသီးက ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ဒီဘာသာရပ်တွေကို သင်ကြားပေးမဲ့ ဘာသာရပ်အလိုက် နည်းပြဆရာ၊ ဆရာမတွေ ခန့်အပ်နိုင်ဖို့အတွက်လဲ အတည်ပြုချက်ရပြီးပါပြီ”ဟု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဒေါက်တာ ကေသီထွေးက ပြောပြ၍ သိရသည်။ ASH

# Blood Runs Coal ဇာတ်ကားတွင် မင်းသား စီလီယံမာဖီ ပါဝင်မည်ဖြစ်

**နယူးယောက် မတ် ၃၀**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Blood Runs Coal အမည်ရှိ ဖြစ်ရပ်မှန် နောက်ခံဇာတ်ကားသစ်တွင် မင်းသား စီလီယံမာဖီ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၂၉ ရက် သတင်းများအရ သိရသည်။

Blood Runs Coal ဇာတ်ကားသည် မင်းသား စီလီယံမာဖီအတွက် ပထမဆုံးအော်စကာဆုရယူပြီးနောက်ပိုင်း ပထမဆုံးပါဝင်သရုပ်ဆောင်မည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။


ထို့ပြင် မင်းသား စီလီယံမာဖီသည် အဆိုပါဇာတ်ကားအတွက် ထုတ်လုပ်သူတာဝန်ကိုလည်း ရယူထားကြောင်း သိရသည်။

Blood Runs Coal ဇာတ်ကားသည် ကျောက်မီးသွေးတွင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့သော လေဘာပါတီခေါင်းဆောင် ဂျော့ယက်ဘလွန်စကီး၏ ဘဝကိုအခြေခံရိုက်ကူးမည့် ဖြစ်ရပ်မှန်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ မာ့အေဘရက်ဒလေ၏ Blood Runs Coal အမည်ရှိ စာအုပ်ကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Blood Runs Coal ဇာတ်ကား တာဝန်ယူရိုက်ကူးမည့်ဒါရိုက်တာကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# မျက်တော်ပြေ ဇာတ်လမ်းတွဲကို မတ် ၃၁ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် မတ် ၃၀**

မျက်တော်ပြေ ဇာတ်လမ်းတွဲကို မတ် ၃၁ ရက်တွင် fortune tv ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးသူ ဒါရိုက်တာ သီဟသစ်က ပြောပြ၍ သိရသည်။

မျက်တော်ပြေ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ညမွှေးပန်းက ရေးသားထားကာ ညမွှေးပန်းနှင့် ရန်ရှင်းတို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ သီဟသစ်နှင့် တွဲဖက်ဒါရိုက်တာ သုခကျော်စိုးတို့က တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် SKY Film Production ၏ မူပိုင်ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်လမ်းတွဲကတော့ SKY Film Production ရဲ့ မူပိုင်ဇာတ်လမ်းတွဲဖြစ်ပါတယ်။ သရုပ်ဆောင်သစ်တွေနဲ့ ရိုက်ကူးထားတဲ့ SKY Film Production ရဲ့ ဒုတိယမြောက်ဇာတ်လမ်းတွဲလဲဖြစ်ပါတယ်။ မတ် ၃၁ ရက်ကစပြီးတော့ fortune tv ရုပ်သံလိုင်းကနေ ထုတ်လွှင့် ပြသပေးမှာဖြစ်သလို SKY Film Production ၊ You Tube Channel နဲ့ fortune tv Application မှာလဲ တစ်ပြိုင်နက်တည်း ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်။ အချစ်ဒရာမာဇာတ်လမ်းပေမဲ့ သမားရိုးကျတွေထဲက ခွဲထွက်လာတဲ့ ဇာတ်လမ်းတွဲလေးပါ”ဟု ဒါရိုက်တာ သီဟသစ်က ပြောပြသည်။

မျက်တော်ပြေ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တေဇလင်းရောင်၊ ဇွဲ၊ ကောင်းစစ်၊ ခိုင်သင်းဦး၊ မိုးမြင့်မြတ်စိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်လမ်းတွဲကို fortune tv ရုပ်သံလိုင်းတွင် မတ် ၃၁ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ည ၈ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# Number of trucks carrying tissue-cultured banana resurges at Kampaiti camp



Cargo trucks seen near the Kampaiti border trade camp.

**Myitkyina March 30**

Daw Tu, Vice Chair of Kachin State Highway Cargo Transport Entrepreneurs Association, said that number of cargo trucks carrying tissue-cultured banana to China increases at Kampaiti border trade camp from Kachin State to China.

At present, exportation of tissue-cultured banana from Kachin State to China is increasing. So, number of trucks carrying banana is on the rise.

"Mostly, 22-wheeled trucks are used in transport of tissue-cultured banana from Kachin State to China," she added.

In the first week of March, more than 200 trucks were daily used in export of tussue-cultured banana from Kampaiti camp to China. But, starting from the second week, more than 300 trucks are being used daily for export of banana to China from Kachin State.

Tissue-cultured banana is cultivated in Waingmaw, Momauk and Bhamo townships starting from 2006. According to the statistics of Kachin State government, more than 60,000 acres of land is placed under tissue-cultured banana plants across Kachin State. 184

# More than 20,000 acres of groundnut harvested in Mingin Township

**Mingin March 30**

Mingin Township Agriculture Department stated that a total of 23,348 acres of groundnut has been harvested in Mingin Township of Kalay District in Sagaing Region.

Harvesting of groundnut started in February this year, and it yielded 69.31 baskets per acre.

"Mingin Township planted 24,567 acres of groundnut. So far, local farmers have harvested 23,348 acres of groundnut. We are encouraging local farmers to expand sown acreage of winter groundnut. Most of the farmers grow groundnut in winter than monsoon," said Daw Hay Marn Kyaw Win, Head of Mingin Township Agriculture Department.

Local farmers planted 24,567 acres of groundnut starting from October 2023 exceeding the target of 24,558 acres in Mingin Township in 2023-24 financial year.

In 2022-23 financial year, Mingin Township planted 24,558 acres of groundnut.

In monsoon of 2023-24 financial year, local farmers planted 5,730 acres of groundnut from June to September 2023, exceeding the target of 480 acres.

Staff members of Mingin Township Agriculture Department help local farmers use quality groundnut strains, prevent pest and weeds. 206



Workers harvesting groundnuts in a field.

# 36 cargo vessels transport raw materials from Mandalay Port to Yangon and Bhamo

**Mandalay March 30**

A total of 36 cargo ships transported raw materials from Mandalay Port to Yangon and Bhamo from March 11 to 18, said Daw Tin Tin Tun, Deputy Head of the Department of Marine Administration for Mandalay Region.

"Recently, the availability of raw materials at Mandalay Port has increased a little. Currently, millet, cement, coal, and sugar are the most common raw materials," she continued.

The cargos that were able to be shipped from Mandalay Port to cities such as Yangon and Bhamo from March 11 to March 18 were 11,177.35 tonnes of cement, 1,139.25 tonnes of millet, 1,567 tonnes of coal, and 15 tonnes of iron pipe, 125 tonnes of lime, 85.93 tonnes of molasses, 600 sheets of plywood, and 3,167 tonnes of sugar.

"In order to avoid accidents in the waterway, users of the waterways need to properly steer their vessels in accordance with the water depth limit set depending on the condition of the waterway," she continued.

184

# U.S. quietly signs off more bombs, fighter jets for Israel: U.S. media

**Washington March 30**

The U.S. government has authorized the transfer of billions of U.S. dollars worth of bombs and fighter jets to Israel, despite an increasing rift between the White House and Netanyahu's government over a potential ground operation by the Israeli military in Rafah, according to U.S. media.

The new arms packages include more than 1,800 MK84 2,000-pound bombs and 500 MK82 500-pound bombs, according to Pentagon and State Department officials who spoke to The Washington Post on condition of anonymity, as recent authorizations have not been disclosed publicly.

Israel's extensive use of 2,000-pound bombs, heavy ammunition capable of killing or wounding people more than 100 meters away, in Gaza raids is linked with heavy civilian casualties, CNN reported.

Israel is facing strong international flak over its continued bombing campaign and ground offensive in Gaza. Regional countries and humanitarian organizations have warned of the disastrous consequences of Israel's planned ground operation in Rafah, where more than 1.4 million Palestinians live, including 1.3 million refugees from the northern regions.

Despite international pressure, Netanyahu's government canceled on Monday a scheduled delegation visit to Washington for talks on a possible alternative to a ground offensive by the Israeli military in Rafah, citing the U.S. abstention at the UN Security Council voting for a resolution that calls for an immediate ceasefire during the Muslim holy month of Ramadan. Xinhua

# (Hello Africa) Ethiopian scholars foster cultural exchanges between China, Ethiopia

**Addis Ababa March 30**

When Melaku Mulualem first arrived in China in 2011 to study at the China Foreign Affairs University, little did he know that this journey would be the beginning of a transformative experience, leading him to become a cultural ambassador between two nations thousands of kilometers apart.

Reflecting on his initial impressions of a "completely different China," Mulualem, now a senior researcher in international relations and diplomacy at the Ethiopian Institute of Foreign Affairs, acknowledged that his time in China not only broadened his academic horizons but also deepened his understanding of Chinese culture and its people.

"Before studying in China, my knowledge of the Chinese people and government was limited. But now, I am proud to be one of the few scholars who have published a book on Ethiopia-China relations," Mulualem said.

The book, "Africa-China Relations - Ethiopia as a Case Study," was published recently with support from the Chinese Embassy in Ethiopia. It highlights the diverse and historic ties between China and Ethiopia, as well as the broader China-Africa relations, exploring various aspects of engagement between the two sides.

Since his initial educational journey to China, Mulualem has returned to the Asian country seven times, participating in international seminars, training programs and other events. Through these experiences and engagements with Chinese counterparts, he has developed a profound understanding of China and its people, fueling his desire to bridge the cultural gap between Ethiopia and China.

Xinhua

# Plan to erect 80 navigation signs along Mandalay-Thaphangon-Ywathitgyi water course


A navigation sign being erected.

**Mandalay March 30**

U Ye Tun Lin Aung, assistant director of Mandalay Region Department of Water Resources and Improvement of River Systems, said that a total of 80 navigation signs will be erected in the water and on the banks of Ayeyawady River along Mandalay-Thaphangon-Ywathitgyi water course in April.

The navigation signs aim to ensure safely rive of vessels in Ayeyawady River. Both 40 navigation signs will be placed in the water and on the banks in coming April.

"At present, water level of Ayeyawady River is declining under the warning mark of declining in Mandalay. But, vessels can drive from Mandalay to Mingun, Sagaing and Bhamo safely. Despite some defiles, the water course is not worsening. But, all vessels which will depart from Mandalay need to take care of navigation signs along the route for safely drive," he explained.

According to the Department of Meteorology and Hydrology, water level of Ayeyawady River was 179 cm in Myitkyina, 304 cm in Bhamo, 197 cm in Shwego, 209 cm in Katha, 302 cm in Thabeikkyin and 250 cm in Mandalay.

As now is time of declining the water level in Ayeyawady River, sandbanks emerge and water course changes. Hence, cargo and passenger vessels need to drive along Mandalay-Thaphangon-Ywathitgyi water course. 184

# Mandalay Region Cooperative Union disburses K34 million to cooperative member farmers for summer paddy cultivation

**Mandalay March 30**

U Hlaing Moe, assistant director of Mandalay Region Cooperative Department, said that Mandalay Region Cooperative Union has loaned K34 million to cooperative member farmers to grow summer paddy in two townships.

The Union earmarked disbursement of K46.2 million loans to 38 farmers from six cooperative societies of two townships to grow 321 acres of summer paddy. But, it has so far loaned K34 million to 54 farmers from four societies for cultivation of 170 acres of summer paddy. So, it will issue loans to remaining farmers from the townships.

"The Union disbursed loans to 54 farmers from Singu Township starting from February and those farmers have grown summer paddy. As prices of rice and paddy are high, the Union aims to reduce these prices by issuing loans to local farmers so as to increase sown acreage of summer paddy. In this regard, the loan covers K200,000 per acre, and the cash amount is equal to quality strains of summer paddy and inputs. Local farmers need to efficiently spend the loans on the relevant measures. The interest rate is K1.25. The Union will collect interest per six months. As it is one-year loan, farmers need to pay back the loans plus interest to the Union turning one year," he clarified.

The cooperative union disbursed loans to farmers from Singu and Amarapura townships. In monsoon, the union also issued loans to farmers from seven townships. 185

# Cauliflowers from Paleik and Myitnge areas receive high demand in Mandalay

**Mandalay March 30**

Cauliflowers from the Paleik and Myitnge areas have been arriving in droves at the Thiri Mala Commodity Market in the Aungmyethazan district of Mandalay, said U Aung Moe Naing, the owner of the Aung wholesale center in Mandalay.

At the present time, about 4 to 5 six-wheeled vehicles loaded with cauliflowers from the Paleik and Myitnge areas are entering the vegetable market in Mandalay daily. These cauliflowers are coming to the market abundantly, and the current prices of cauliflowers are 250 to 300 kyats each.

"Currently, the cauliflowers are produced only in the Paleik and Myitnge areas. The market is doing well. The cauliflowers grown in the plains are entering the market day by day. The cauliflowers from the Aungban area have decreased. However, there are good sales in the market. The other crops such as tomatoes, cabbage, potatoes, mustard, haricot bean, bitter gourd, whitemustard, beetroot and onion received good demand," he said. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mandalay Commodity Depot to halt operation from 13 to 17 April


Various kinds of commodities being displayed as samples at Mandalay Commodity Depot.

**Mandalay March 30**

U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Depot) said that the Mandalay Commodity Depot will be closed during Maha Thingyan holiday from 13 to 17 April.

At present, beans, maize, sesame and other crops are being traded as usual at Mandalay Commodity Depot. It will be closed from 13 to 17 April during the Thingyan holidays. The depot will be reopened on 18 April.

"Now, the depot is in progress with slightly high trading. Gram, black bean and sesame are in high demand. Some crops are dull," he continued.

Number of businesspersons who contacted the depot reached more than 500 per day in the first week of March, compared with more than 600 businesspersons per day starting from the second week.

"In Thingyan holidays, most of the businesspersons halt their operations. So, the depot will be temporarily closed in during the Thingyan holidays. After the period, we will resume trading of beans, maize and sesame and so on."

The depot is open for businesspersons from 8 am to 4 pm daily for smooth trading. 184

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်က နောက်ဆုံးပေါ်လေကြောင်းရန်ကာကွယ်ရေးစနစ်များကို အဆင့်မြှင့်တင်ခဲ့



အီရန်နိုင်ငံသည်၎င်း၏မကြာသေးမီက ထုတ်ဖော်ပြသခဲ့သည့် Shahid Arman တန်ပြန်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်နှင့် Azaraksh အနိမ့်ပျံလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်တို့ကို အဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ခဲ့ပြီး အထူးသဖြင့် အစ္စရေးတို့ဘက်က အသုံးပြုနိုင်ဖွယ်ရှိသောဘန်ကာဖျက် ပဲ့ထိန်းဗုံးများကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိကြောင်း အခိုင်အမာပြောကြားခဲ့သည်ဟု Army Recog-nition သတင်းဌာနက မတ် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့ ဗုံးများအသုံးပြုမှုအတွက် အမေရိကန်နိုင်ငံသည်လည်း လူသိများကြောင်း သိရသည်။ GBU-57 Massive Ordnance Penetrator (MOP) နှင့် BLU-109 ကဲ့သို့သော ဘန်ကာဖျက်ဗုံးများသည် မပေါက်ကွဲမီ ကွန်ကရစ်များဖြင့် တည်ဆောက်ထားသော၊ ခိုင်မာသောခံစစ်စခန်းများမှ မြေပြင်ပစ်မှတ်များကိုတိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည့် ခဲယမ်းများဖြစ်သည်။ ဤဗုံးများသည် များသောအားဖြင့် မြေအောက်အဆောက်အအုံများ၊ ကွပ်ကဲမှုစင်တာများ သို့မဟုတ် ခိုင်ခံ့သောအဆောက်အအုံများကို ပစ်မှတ်ထားပြီး မြေအောက်ကတုတ်ကျင်းများ၏ ခံစစ်ပြင်ဆင်ထားမှုများကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိသည်။

လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်၏အကြံပေး ဗိုလ်မှူးချုပ် Amir Sadeghnejad ၏ ပြောကြားချက်အရ ယခုအခါ Shahid Arman စနစ် တွင် တာဝေးပစ်ပဲ့ထိန်းဗုံးများ၊ ဘန်ကာ ဖျက်ဗုံးများနှင့် Jamming ပြုလုပ်မှု အပေါ် ခံနိုင်ရည်ရှိသောဒုံးကျည်များ ထည့်သွင်းအသုံးပြုထားကြောင်း သိရသည်။ ဤသို့ အဆင့်မြှင့်တင်ပေးနိုင်စွမ်းသည် အဓိကအားဖြင့် အစ္စရေးနှင့် အမေရိကန်ကဲ့သို့သောနိုင်ငံများမှ တာဝေးလေကြောင်းခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

အီရန်ထုတ် Shahid Arman လက်နက်စနစ်၏ တိုက်ပွဲဝင်အသင့် တပ်ဖြန့်လုပ်ဆောင်နိုင်မှုသည် ခန့်မှန်းခြေအားဖြင့် ၃ မိနစ်အတွင်း ဖြန့်ကြက်နိုင်မည်ဖြစ်ပြီး စနစ်၏ တုံ့ပြန်နိုင်စွမ်းမှာ စက္ကန့် ၂၀ အောက်သာ ကြာမြင့်မည်ဖြစ်သည်။

Shahid Arman လက်နက်စနစ်သည် ယခုအချိန်ထိ စမ်းသပ်နေဆဲအဆင့်တွင်သာရှိပြီး အီရန်စစ်ဘက်နှင့် အစ္စလာမ့်တော်လှန်ရေးအစောင့်တပ် (IRGC) တို့၏ စစ်ဆင်ရေးစွမ်းရည်များတွင် နိုင်ငံတော်ကာကွယ်ရေးအခြေခံအဆောက်အအုံများ ကာကွယ်စောင့်ရှောက်နိုင်မှု ခိုင်မာအားကောင်းလာစေရန် ပေါင်းစပ်လုပ်ဆောင်နိုင်ရေး မျှော်မှန်းထားသည်။

Shahid Arman တန်ပြန်ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်တွင် အသုံးပြုရန် လိုက်လျောညီထွေဖြစ်သော Sayad 3F ဒုံးကျည်ကိုလည်း Autopilot၊ ဒုံးထိပ်ဖူး၊ ပျံသန်းရေးကွန်ပျူတာ၊ ထိန်းကျောင်းလမ်းညွှန်မှုနှင့် ရှော့ကတ်လောင်စာဆီအပိုင်းတို့ကို ပြုပြင်မွမ်းမံထားသည်။ ၎င်းသည် 15 Khordad နှင့် Bawar 373 လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များ အပါအဝင် အမျိုးမျိုးသောကာကွယ်ရေးစနစ်များနှင့်တွဲဖက်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသော Sayad ဒုံးကျည်စီးရီးတွင် ပါဝင်နေသည်။ အပြန်အလှန်အားဖြင့် Bawar 373 ကဲ့သို့သော ခံစစ်ကာကွယ်ရေးလက်နက် စနစ်များ၏ ထိရောက်မှုကိုတိုးမြှင့်ရန် ရည်ရွယ်သည့် Sayad 4B ဒုံးကျည်သည် ဝေဟင်ပစ်မှတ်များကို အကွာအဝေး ၃၀၆ ကီလိုမီတာ၊ အမြင့်ပေ ၄၅၀၀၀ ထိတိုက်ပွဲဝင်နိုင်စွမ်းရှိကြသည်။

Shahid Arman လက်နက်စနစ်တွင် အနိမ့်ပျံပစ်မှတ်များကို အကွာအဝေး ကီလိုမီတာ ၅၀ ထိ ၂၄ နာရီပတ်လုံး စောင့်ကြည့်နိုင်သည့် ရေဒါတစ်ခုပါရှိပြီး နေ့ရောညပါ စောင့်ကြည့်ထောက်လှမ်းနိုင်မှုများအတွက် ပုံမှန်ကင်မရာနှင့် အနီအောက်ရောင်ခြည်သုံး ကင်မရာများကို အသုံးပြုထားသည်။ ပစ်မှတ်များကိုတုံ့ပြန်တိုက်ခိုက်နိုင်ရန် ဒုံးကျည်လေးစင်းတပ်ဆင်ထားပြီး ရန်သူတန်ပြန်လုပ်ဆောင်နိုင်မှုအနည်းဆုံးဖြစ်စေရန် Optical ဒုံးထိန်းကျောင်းရေးစနစ်အသုံးပြုကာ အကွာအဝေး ခုနစ်ကီလိုမီတာအတွင်း ပစ်မှတ်များကို တုံ့ပြန်ချေဖျက်နိုင်မည်ဖြစ်သည်။

ထို့ပြင် Azarakhsh လေကြောင်းရန်ကာကွယ်ရေးစနစ်သည် Optical Fiber ကဲ့သို့သော ခေတ်မီဆက်သွယ်ရေးနည်းပညာများကို အသုံးပြုထားပြီး အဝေးထိန်းစနစ်လုပ်ဆောင်နိုင်စွမ်းကို ပံ့ပိုးပေးကာ တိုက်ပွဲဝင်နိုင်မှုစွမ်းရည်ကို အဆင့်မြှင့်တင်ပေးထားသည်။ Khatamal-Anbia လေကြောင်းရန်ကာကွယ်ရေးအခြေစိုက်စခန်းပူးပေါင်းကွပ်ကဲမှုအောက်ရှိ အခြားသောကာကွယ်ရေးစနစ်များနှင့် ပူးပေါင်းကာ အီရန်နိုင်ငံ၏ အမျိုးသားလေကြောင်းရန်ကာကွယ်ရေးကွန်ရက်နှင့်အဆင်ပြေစွာပေါင်းစပ်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

အီရန်နိုင်ငံထုတ် Shahid Arman နှင့် Azarakhsh လေကြောင်းရန် ကာကွယ်ရေးစနစ်နှစ်ခုစလုံးကို အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ အသုံးပြုလာနိုင်မှုအပေါ် တန်ပြန်ရန်ဒီဇိုင်းထုတ်ထားသော ရေဒါစနစ်များ မျိုးစုံစွာပါရှိသည်။ ဤစွမ်းရည်များသည် ရန်သူ့အီလက်ထရွန်နစ်စစ်ဆင်ရေး အနှောင့်အယှက်များကို ရင်ဆိုင်ရာတွင် ရေဒါများ၏တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းကို ထိန်းသိမ်းထားနိုင်ရန် ရည်ရွယ်သည်။ အထူးသဖြင့် Shahid Arman လက်နက်စနစ်ကို အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ် တိုက်ခိုက်မှု ပုံစံအမျိုးမျိုးကို ခံနိုင်ရည်ရှိစေရန် ထည့်သွင်းစဉ်းစားထားပြီး အီလက်ထရွန်နစ်စစ်ပွဲအခြေအနေများအောက်တွင် ပစ်မှတ်များကို ထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းတို့ကို ထိရောက်သေချာစွာလုပ်ဆောင်နိုင်စေမည်ဖြစ်ပြီး အဆိုပါပေါင်းစပ်ထားသောစနစ်များ၏စွမ်းရည်ဖြင့် အီရန်နိုင်ငံလေပိုင်နက်လုံခြုံရေးကို တိုးမြှင့်ပေးနိုင်မည်ဖြစ်သလို အနောက်အာရှတွင် ဘေးကင်းလုံခြုံမှုအတွက် ဒေသတွင်းလေပိုင်နက်ကို ဖြတ်ကျော်ပျံသန်းသွားသည့် လေယာဉ်အသွားအလာအပေါ်လည်း စောင့်ကြည့်ထိန်းချုပ်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Iran upgrades latest air defense systems to counter Israeli and US guided missiles ကိုဘာသာပြန်ဆိုထားပါသည်။**

## ဩစတြေးလျနိုင်ငံက တစ်ကြိမ်အားသွင်းထားလျှင် ဒရုန်းအစင်း ၅၀ ကိုပစ်ချနိုင်သည့် လေဆာလက်နက်ကိုဝယ်ယူခဲ့

ဩစတြေးလျနိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့ (ADF) သည် တစ်ကြိမ်အားသွင်းထားလျှင် ဒရုန်းအစင်း ၅၀ ကိုပစ်ချနိုင်သည့် လေဆာလက်နက်သစ်ကို ဝယ်ယူလိုက်ပြီဖြစ်ကြောင်း Defense Post သတင်းဌာနက မတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Fractl:2 ဟု အမည်ပေးထားသည့် သယ်ဆောင်ရလွယ်ကူသော အဆိုပါလေဆာလက်နက်သည် သံမဏိကို လောင်ကျွမ်းစေနိုင်သည်ထိ လုံလောက်သောစွမ်းအင်ကို ထုတ်ပေးနိုင်သည်ဟု ထုတ်လုပ်သူ AIM Defence က ပြောကြားခဲ့သည်။

၎င်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (၆၂ မိုင်)အလျင်နှုန်းဖြင့် ပျံသန်းမောင်းနှင်လာသော ရန်သူ့ဒရုန်းကို ခြေရာခံပြီး တန်ပြန်ပစ်ချနိုင်စွမ်းရှိသည်။ ADF သည် အဆိုပါဝယ်ယူမှုကို ပံ့ပိုးရန်အတွက် ဩစတြေးလျဒေါ်လာ ၄ ဒသမ ၉ သန်းလျာထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် နှစ်လယ်တွင် လွှဲပြောင်းပေးပို့ရန် မျှော်မှန်းထားပြီး တိုက်ရိုက်စွမ်းအင်သုံး လေဆာလက်နက်သစ်သည် ဩစတြေးလျနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန်နှင့်ကိုယ်ပျောက်ဒရုန်းများကိုပစ်ချနိုင်ရန် ခဲယမ်းလိုအပ်မှုကိုလျှော့ချနိုင်စေရေး မျှော်လင့်ထားသည်။

မဲဘုန်းမြို့အခြေစိုက် AIM Defence ကုမ္ပဏီက ၂၀၁၉ ခုနှစ်အတွင်း၌ တီထွင်ထုတ်လုပ်ထားသော Fractl:2 လေဆာလက်နက်စနစ်သည် ဘက်ထရီပါဝါသုံး Tripod တွင် တပ်ဆင်နိုင်သည့် သယ်ဆောင်ရလွယ်ကူသော စနစ်မျိုးလည်းဖြစ်သည်။ ရည်မှန်းချက်တာဝန်များကို ဆက်တိုက် ထမ်းဆောင်နိုင်ရန်အတွက် နံရံကပ် မီးပလတ်ပေါက်အသုံးပြု၍ လျှပ်စစ်မီးဖြင့်လည်း လုပ်ဆောင်နိုင်စွမ်းရှိသည်။ AIM Defence ကုမ္ပဏီအဆိုအရ ၎င်းသည် အသုံးပြုမှုကုန်ကျစရိတ် မရှိသလောက်နည်းပါးကြောင်း သိရသည်။

မျက်စိထိခိုက်နိုင်ခြေရှိမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရန် အမှုန်အမွှားများစစ်ထုတ်နိုင်မှု ပုံမှန် One-Micron Systems စနစ်များကဲ့သို့ ပိုမိုကောင်းမွန်သောအသုံးပြုသူများ၏ မျက်စိဘေးကင်းရေးအစီအမံများဖြင့် ဒီဇိုင်းထုတ်ထားသည်။Fractl:2 သည် ပြီးခဲ့သည့်နှစ်နှစ်အတွင်း ပြည်တွင်း၊ ပြည်ပ၌ တန်ပြန်ဒရုန်းတိုက်ဖျက်ရေး စမ်းသပ်မှုပေါင်း အကြိမ် ၂၀၀ ကျော်ကို အောင်မြင်စွာသရုပ်ပြသနိုင်ခဲ့ပြီး ထုတ်လုပ်သူအပိုင်းမှ လက်နက်စနစ်၏စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ဘေးကင်းလုံခြုံစိတ်ချရသောဖြန့်ကြက်မှုကို သေချာနိုင်စေရန် လုပ်ဆောင်နိုင်ခဲ့ကြောင်း ကုမ္ပဏီ ပူးတွဲတည်ထောင်သူ Jae Daniel က ပြောကြားခဲ့သည်။

ကနဦး Fractl လေဆာလက်နက်စနစ်၏ တစ်ဆင့်မြှင့်ဗားရှင်း Fractl:2 သို့ တိုးတက်ထုတ်လုပ်နိုင်ခဲ့ခြင်းသည် အားနည်းချက်များကို ပြင်ဆင်နိုင်ခြင်းဖြစ်သောကြောင့် ဘေးထွက်ဆိုးကျိုး ရာနှုန်းပြည့်ထပ်မံလျှော့ချပေးနိုင်ခဲ့သည့်အတွက် ကမ္ဘာပေါ်တွင် အလုံခြုံဆုံးနှင့် အလွယ်တကူဖြန့်ကြက်အသုံးပြုနိုင်မည့် စွမ်းအားမြင့်လေဆာစနစ်တစ်ခုဖြစ်သည်ဟု၎င်းက ဆက်လက်ပြောကြားခဲ့သည်။



ဒရုန်းခြိမ်းခြောက်မှုများ ကြီးထွားလာနေချိန်တွင် လေဆာအခြေခံတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကိုဝယ်ယူရန် ဩစတြေးလျနိုင်ငံ၏ ဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ဒရုန်းများနှင့် အခြားကိုယ်ပိုင်လုပ်ဆောင်နိုင်စွမ်းရှိသော စနစ်များကို တန်ပြန်ချေဖျက်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ တပ်မတော်များအတွက် အလွန်အရေးကြီးသော အလိုအပ်ဆုံးစွမ်းရည်များထဲမှ တစ်ခုဖြစ်လာကြောင်း AIM Defence ကုမ္ပဏီ ပူးတွဲတည်ထောင်သူ Jessica Glenn က ပြောကြားခဲ့သည်။

**Australia Buys Laser Weapon That Shoots Down 50 Drones in One Charge ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲသီးနှံစုံ ၂၅၈၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲသီးနှံစုံ ၂၅၈၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲသီးနှံစုံစိုက်ခင်းများကို ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၅၈၁၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲသီးနှံစုံ ၂၆၆၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံတွေကို ရိတ်သိမ်းနေတာ လက်ရှိဧက ၂၅၀၀၀ ထိ ရိတ်သိမ်းပြီးပါပြီ။ ရိတ်သိမ်းဖို့ကျန်တဲ့ဧကတွေကိုလဲ ဆက်လက်ရိတ်သိမ်းနေပါတယ်။ ဆောင်းသီးနှံတွေ စိုက်ပျိုးရာမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေ ကူညီပံ့ပိုးပေးခဲ့ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တာတွေကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရာသီအမီ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန့်ကြီးထောင့်မြို့နယ်တွင် ရိတ်သိမ်းပြီးဖြစ်သော ပဲသီးနှံစုံ ၂၅၈၁၈ ဧကတွင် မတ်ပဲ ၂၁၆၅၅ ဧက၊ ပဲတီစိမ်း ၃၆၄၂ ဧက၊ ပိုလ်ကီတ်ပဲ ၅၂၁ ဧကဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သောပဲသီးနှံများ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် မတ်ပဲ ၁၄ ဒသမ ၁၁ တင်း၊ ပဲတီစိမ်း ၁၂ ဒသမ ၄၆ တင်း၊ ပိုလ်ကီတ်ပဲ ၁၀ ဒသမ ၀၂ တင်းထိ ထွက်ရှိခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းစိုးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ထားဝယ်မြို့နယ် မလွဲတောင်-ထားဝယ်အပိုင်း၌ ကတ္တရာကွန်ကရစ်(AC)ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ထားဝယ် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဘုရားကြီး- မော်လမြိုင် - ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း(မလွဲတောင်-ထားဝယ်အပိုင်း)၌ ကတ္တရာကွန်ကရစ်(AC) ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထားဝယ်မြို့နယ် လမ်းဦးစီးဌာန တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၃)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၈၈ ဒသမ ၁၆၆ သန်း ဖြင့်ဆောင်ရွက်သည့် မလွဲတောင်-ထားဝယ်အပိုင်းတွင် ကတ္တရာကွန်ကရစ်(AC)ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းလမ်း (မလွဲတောင်-ထားဝယ်အပိုင်း)၌ လမ်းအရှည် တစ်မိုင် ဖြောက်ဖာလုံ၊ အကျယ်၂၄ ပေ၊ အမြင့် သုံးလက်မရှိ ကတ္တရာကွန်ကရစ်(AC) ခင်းခြင်းလုပ်ငန်းကို လမ်းအထူးအဖွဲ့ (၂၃)က ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မလွဲတောင်-ထားဝယ်အပိုင်းကို ကတ္တရာကွန်ကရစ်(AC) ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်ယာဉ်များ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရမ်းမြေ)**

# ခရမ်းမြို့နယ် ကမာချိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမ်း မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမာချိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကမာချိုက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၄၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကမာချိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၃၉၀ ကို ငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၃-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်မထ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၆၅ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်

နေပြည်တော် မတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ မတ် ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၁ / ၂၀၂၄ ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့သည်။ အဆိုပါဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂၁ / ၂၀၂၄)**

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

**နိဒါန်း**

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်တိုးမြှင့်ရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများအပါအဝင် အခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းအတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် နိုင်ငံတော်၏ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်း၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်မှုစီမံကိန်း၊ ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစီမံကိန်း၊ လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်ရေးစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ ၁ ရက်နေ့မှ မတ်လ ၃၁ နေ့အထိကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပထမ ၆ လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ ၆ လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကိုဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၀.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၉.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၆.၅ ရာခိုင်နှုန်း လျော့နည်းရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၆.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၇.၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၃.၁ ရာခိုင်နှုန်းလျော့နည်းရန်၊

(၃) ကရင်ပြည်နယ်တွင် ၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၀.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၁.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၃.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၁.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၅.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၂.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၅.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၇ ရာခိုင်နှုန်းမှ ၂၂.၆ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၆ ရာခိုင်နှုန်းမှ ၃၇.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၇ ရာခိုင်နှုန်းမှ ၄၀.၀ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(င) နိုင်ငံပိုင်အခန်းမှ ကျပ် ၇,၆၂၆.၈ ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၇၀၀ သန်းတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၆,၃၀၀ သန်း တင်သွင်းရန်၊

(ဆ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၂,၇၄၂,၆၄၃ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ ထုတ်လုပ်မှုမှသည် ပြည်တွင်းစားသုံးမှု ဖူလုံရေး၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်တွင်း၌ လိုအပ်သည့် ကုန်ကြမ်းများ ထုတ်လုပ်နိုင်ရေးအတွက် ရေးဆွဲပြီးဖြစ်သည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) နှင့် ချိတ်ဆက်ရေးဆွဲဆောင်ရွက်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသတွင်းရှိ အလားအလာရှိသည့် ကုန်စည်များ ထုတ်လုပ်မှု တိုးတက်စေရေးကို ဦးတည်ပြီး ဒေသတစ်ခုထွက်ကုန်တစ်ခု ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ပြီး ထုတ်လုပ်မှုတွင် အဓိကပါဝင်ဆောင်ရွက်ကြမည့် ထုတ်လုပ်မှုလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုကွန်ရက် (production network) တစ်လျှောက် အချိတ်အဆက်မိမိ ဆောင်ရွက်သွားရန်ဖြစ်သည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မူလရေးဆွဲထားသည့် (၅) နှစ် ဖွံ့ဖြိုးမှုစီမံကိန်းကို ကဏ္ဍအလိုက် ပြန်လည်သုံးသပ်ပြီး ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ လျာထားချက်များကို ကဏ္ဍတစ်ခုနှင့်တစ်ခုအကြား ချိတ်ဆက်၍ ဆောင်ရွက်ရန်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် တင်ပြလာသောစီမံကိန်းများသည် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသောစီမံကိန်းများဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်တွေ့ရှိပါက အဆိုပါစီမံကိန်းအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် လျှော့၍ ခွင့်ပြုခြင်းများဆောင်ရွက်ရမည်။

စာမျက်နှာ ၁၉ သို့

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ထုတ်ပြန်

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ မတ် ၂၉ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၂၃/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအား အတည်ပြု ထုတ်ပြန်ခဲ့သည်။ အဆိုပါဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၃ / ၂၀၂၄)**

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။

(ခ) **ဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့်အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

(ဂ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ** ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

(င) **အခွန်နှုန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန်သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရန် အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဤဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

(ခ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှ ရယူနိုင်သည်။

## အခန်း (၅)
## အထူးကုန်စည်ခွန်

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

**အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ**

(က) အောက်ဇယားပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များ ဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက သတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

**ခြွင်းချက်။** သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှတင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၀ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၃ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၆ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၁၀၁ ကျပ်နှင့် အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၉ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၁ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၀၀ ကျပ်မှ ကျပ် ၂၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၃၇ ကျပ် |
| | ( ခ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၀၀၁ ကျပ်မှ ကျပ် ၃၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၂၄ ကျပ် |
| | ( ဂ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၃၆၀၁ ကျပ်မှ ကျပ် ၅၄၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၀၆၅ ကျပ် |

(ဆက်လက်ဖော်ပြပါမည်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့်သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဉက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# စစ်ကိုင်းမြို့နယ် စစ်ကိုင်း-မင်းကွန်းသွားလမ်းပိုင်းတွင် ပြည်သူဦးရေ ၅၀ ခန့်ကို ဖမ်းဆီးပြီး ငွေဖြင့်ပြန်ရွေးခိုင်းခဲ့ကြောင်းနှင့် မရွေးနိုင်သူများကို စစ်မှုထမ်းရန်ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၃၀**

စစ်ကိုင်း-မင်းကွန်းသွား လမ်းပိုင်း၌ မတ် ၂၉ ရက် ညနေခင်း လုပ်ငန်းမှ




ပြန်လာသည့် ပြည်သူဦးရေ ၅၀ ခန့်ကို ဖမ်းဆီးခဲ့ပြီး ငွေဖြင့်ပြန်ရွေးခိုင်းခဲ့ကြောင်းနှင့် မရွေးနိုင်သူများကို စစ်မှုထမ်းရန် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

မတ် ၂၉ ရက်တွင် စစ်ကိုင်းမြို့ပေါ်ရှိ နေရာအချို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ လမ်းအသုံးပြုသူမိဘပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းများကိုဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်သူအချို့ကို ဖမ်းဆီးထားသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ စိုးရိမ်ထိတ်လန့်စေရန် လုပ်ကြံသတင်းမျိုးစုံကို ဖြန့်ဝေခြင်း၊ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ၍ ယုတ်မာအောက်တန်းကျစွာဖြင့် လုပ်ကြံဖန်တီးရေးသားခြင်းများ ဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကြာက်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက အဆိုပါကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၆၈ ပါးနှင့် ဒေသခံပြည်သူ ၁၀၈ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Mya Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ရွှေမင်းဝံရပ်ကွက်နေ ကျော်မြစိုးအား ညနေ ၃ နာရီ ၁၅ မိနစ်တွင် သက်ဆိုင်ရာ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မလေးရှားနိုင်ငံ ကလန်တန်ပြည်နယ်တွင် မိုးခေါင်မှုကြောင့် ဆန်အထွက်နှုန်း တန်ချိန် ၄၀၀၀၀ ခန့် ကျဆင်းဖွယ်ရှိ



**ကွာလာလမ်ပူ မတ် ၃၀**

မလေးရှားနိုင်ငံ ကလန်တန်ပြည်နယ်တွင် မိုးခေါင်မှုကြောင့် ဆန်အထွက်နှုန်း တန်ချိန် ၄၀၀၀၀ ခန့် ကျဆင်းဖွယ်ရှိကြောင်း ပြည်နယ် စိုက်ပျိုးရေးအာဏာပိုင်အဖွဲ့အစည်း၏ ဥက္ကဋ္ဌ မိုဟာမက်ဟက်ဆင်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ကလန်တန်ပြည်နယ်အတွင်း စပါးစိုက်ခင်းဟက်တာ ၉၁၀၀ စိုက်ပျိုးထားသည့်အနက် မိုးခေါင်ရေရှားမှုကြောင့် ဟက်တာ ၅၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ တောင်သူအများစု မှီခိုအားထားရသော ကီမူဘူရေပေးဝေရေး စခန်းများမှလည်း လိုအပ်သောရေပမာဏ မပြည့်မီသည့်အတွက် စက်များလည်ပတ်နိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

"စပါးတွေ အဓိကဆုံးရှုံးမှုဖြစ်ပေါ်တာကတော့ ကိုတာဘာရူမြို့ရဲ့ မြောက်ပိုင်းနဲ့ တောင်ပိုင်းဒေသတွေ ဖြစ်ပါတယ်။ အဲဒီဒေသက တောင်သူအားလုံးက ကီမူဘူရေပေးဝေရေး စခန်းတွေကရေကို အဓိကအားထားပြီး စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေရသူတွေပါ"ဟု ပြည်နယ်စိုက်ပျိုးရေး အာဏာပိုင်အဖွဲ့အစည်း၏ ဥက္ကဋ္ဌ မိုဟာမက်ဟက်ဆင်က ပြောကြားခဲ့သည်။

စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနက အဆိုပါဒေသရှိ တောင်သူများအတွက် မလေးရှားရင်းဂစ် ၅၀၀၀၀၀ တန်ဖိုးရှိ စက်ရေတွင်းများတည်ဆောက်၍ လယ်ယာမြေများကို ရေပေးဝေနိုင်ရေး ပြည်နယ်စိုက်ပျိုးရေးအာဏာပိုင်အဖွဲ့အစည်းမှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိသော်လည်း သဘာဝရေအရင်းအမြစ်များ မရှိခြင်းကြောင့် တည်ဆောက်ရေးလုပ်ငန်းများ အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

ပြည်နယ်စိုက်ပျိုးရေးအာဏာပိုင်အဖွဲ့အစည်းက တတိယမြောက် ကီမူဘူရေပေးဝေရေးစခန်း တစ်ခု ထပ်မံတည်ဆောက်နေပြီး ၂၀၂၅ ခုနှစ် ဇွန်လတွင် ဆောက်လုပ်ပြီးစီးမည်ဖြစ်ကြောင်း၊ အဆိုပါရေပေးဝေရေးစခန်း ဆောက်လုပ်ပြီးစီးပါက လယ်ယာမြေများ ရေပြတ်တောက်ခြင်းမှ ကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေး အာဏာပိုင်အဖွဲ့အစည်း၏ ဥက္ကဋ္ဌ မိုဟာမက်ဟက်ဆင်က ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**

**Trs : AZH**

# အမေရိကန်နိုင်ငံ ဖို့မြေများတွင် မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားနေ

**ဝါရှင်တန် မတ် ၃၀**

အမေရိကန်နိုင်ငံ၌ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် စီမံချက်များဖြင့် ဆောင်ရွက်နေပြီး ဖို့မြေများတွင် မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုပမာဏမြင့်မားနေကြောင်း အရီဇိုးနားတက္ကသိုလ်မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု မတ် ၂၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံအတွင်း ပျံ့နှံ့နေသည့် ဖို့မြေအများစုမှာ မီသိန်းဓာတ်ငွေ့များ ထုတ်လွှတ်မှု၏ အဓိက အရင်းအမြစ်များဖြစ်ကြောင်း သုတေသီများက Science Journal မှတစ်ဆင့် ရေးသားဖော်ပြခဲ့ကြောင်း၊ မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရန်အတွက် အထိရောက်ဆုံးနည်းလမ်းမှာ ဖို့မြေများစီမံဆောင်ရွက်မှုကို ထိန်းချုပ်ရမည်ဖြစ်ကြောင်း အရီဇိုးနားတက္ကသိုလ်မှ သုတေသီများက သတိပေးခဲ့သည်။

"မီသိန်းဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေး လုပ်ငန်းတွေကို အထောက်အကူ ဖြစ်စေဖို့အတွက် သုတေသန ပြုလုပ်ခဲ့ပါတယ်။ သုတေသနရလဒ်အရ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားတဲ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ ဖို့မြေဧရိယာတွေကို လျှော့ချနိုင်ဖို့လိုအပ်တယ်။ အမှိုက်တွေနဲ့ပြည့်နေတဲ့ ဖို့မြေဟာ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်တဲ့ အဓိကအရင်းအမြစ်တွေ ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုလျှော့ချနိုင်ဖို့အတွက် အရေးကြီးဆုံးက မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုကိုလျှော့ချနိုင်ဖို့ ဦးစားပေးဆောင်ရွက်သွားရမယ်။ ဖို့မြေပြဿနာကို ဖြေရှင်းနိုင်ရင်တော့ ရာသီဥတုဖောက်ပြန်မှု လျှော့ချရေးလုပ်ငန်းတွေ ပိုပြီးအကျိုးရှိလာလိမ့်မယ်။ မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုနှုန်း အမြင့်ဆုံးက ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေး လုပ်ကွက်တွေဖြစ်ပါတယ်"ဟု အရီဇိုးနားတက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သူ ဒန်ကပ်ဝေါ့က ပြောကြားသွားခဲ့သည်။

မီသိန်းဓာတ်ငွေ့များ ထုတ်လွှတ်မှု အများဆုံးဧရိယာအဖြစ် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်များက ထိပ်ဆုံးမှ ရပ်တည်နေပြီး ၎င်းတို့နောက်တွင် ဖို့မြေဧရိယာများက မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုအမြင့်မားဆုံးသော နေရာအဖြစ် ရပ်တည်နေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အိန္ဒိယနိုင်ငံတွင် ဧပြီလမှမေလအတွင်း အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်ဖွယ်ရှိနေ

**နယူးဒေလီ မတ် ၃၀**

အိန္ဒိယနိုင်ငံတွင် လာမည့် ဧပြီလမှ မေလအတွင်း အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်ဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မတ် ၂၉ ရက်က ဂျမ်မူဒေသ၊ ကက်ရှ်မီးဒေသနှင့် ဟီမာချယ်ပရာဒက်ရှ်ပြည်နယ်တို့တွင် မိုးရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး လာမည့် ၂၄ နာရီအတွင်း နယူးဒေလီမြို့တွင် မိုးရွာသွန်းလာဖွယ်ရှိနေကြောင်း၊ မိုးရွာသွန်းမှုအပြီး အိန္ဒိယနိုင်ငံတစ်ဝန်းတွင် အပူချိန်မြင့်တက်လာမည်ဖြစ်ပြီး အပူချိန်သည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့်ပမာဏထက် မြင့်တက်လာဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"လာမဲ့ ဧပြီလကနေ မေလအတွင်း အပူချိန်အမြင့်ဆုံးသော ကာလဖြစ်နိုင်ပါတယ်။ ပုံမှန်ထက်မြင့်မားတဲ့ အပူချိန်ပမာဏတစ်ခုကို ရောက်သွားနိုင်တယ်။ အပူလှိုင်းတွေ ဖြတ်သန်းလာဖွယ်ရှိနေတယ်။ အိန္ဒိယနိုင်ငံအလယ်ပိုင်းမှာ အပူချိန်မြင့်တက်မှုတွေ ပိုဆိုးရွားနိုင်ပါတယ်။ အပူလှိုင်းဟာ အိန္ဒိယနိုင်ငံ အလယ်ပိုင်းနဲ့ အနောက်မြောက်ဘက်ပိုင်းဒေသတွေကို တောက်လျှောက်ဖြတ်သန်းဖွယ် ရှိနေပါတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ဒါရိုက်တာ ဒေါက်တာနာရက်ရှ်ကူမာက ပြောကြားခဲ့သည်။

သက်တမ်းတစ်လျှောက် ၂၀၂၄ ခုနှစ် ဧပြီလမှမေလအတွင်း ကြားကာလသည် အပူချိန်အမြင့်ဆုံးသော ကာလအဖြစ် မှတ်တမ်းဝင်လာဖွယ်ရှိနေကြောင်း၊ အထူးသဖြင့် မေလ၌ အပူချိန်သည် သမိုင်းတစ်လျှောက် အပူချိန်အမြင့်ဆုံးသော မေလအဖြစ် မှတ်တမ်းဝင်သွားဖွယ်ရှိနေကြောင်း ဒေါက်တာ နာရက်ရှ်ကူမာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**



# အင်္ဂလန်နိုင်ငံ ဆွမ်ဒန်မြို့နှင့် ဝစ်ရှိုင်းယားမြို့တွင် လေဆင်နှာမောင်း ဝင်ရောက်လာဖွယ်ရှိ

**လန်ဒန် မတ် ၃၀**

အင်္ဂလန်နိုင်ငံ ဆွမ်ဒန်မြို့နှင့် ဝစ်ရှိုင်းယားမြို့တို့တွင် လာမည့်ရက်ပိုင်းအတွင်း လေဆင်နှာမောင်း ဝင်ရောက်လာဖွယ် ရှိနေကြောင်း လေဆင်နှာမောင်းနှင့် မုန်တိုင်းသုတေသနအဖွဲ့(TORRO) က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အင်္ဂလန်နိုင်ငံ တောင်ဘက်ပိုင်း၊ အနောက်တောင်ဘက်ပိုင်းနှင့် အလယ်ပိုင်း ဒေသများသို့ပါ လေဆင်နှာမောင်း ရောက်ရှိလာဖွယ်ရှိနေပြီး ဆွမ်ဒန်မြို့နှင့် ဝစ်ရှိုင်းယားမြို့တို့ကို ဗဟိုပြုတိုက်ခတ်လာဖွယ်ရှိကြောင်း၊ လေဆင်နှာမောင်းသည် တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၇၀ နှုန်းထိမြင့်တက်နိုင်ကြောင်း TORRO က ထုတ်ပြန်ခဲ့သည်။

"လေဆင်နှာမောင်းဟာ လာမဲ့ရက်ပိုင်းအတွင်း အင်္ဂလန်တောင်ဘက်ပိုင်း၊ အနောက်တောင်ဘက်ပိုင်းနဲ့ အလယ်ပိုင်းဒေသတွေမှာ ဝင်ရောက်တိုက်ခတ်ဖွယ် ရှိနေပါတယ်။ လေဆင်နှာမောင်းဟာ ဒေသကိုးခုကို ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေပြီးတော့ ဆွမ်ဒန်မြို့နဲ့ ဝစ်ရှိုင်းယားမြို့တွေကို အဓိကဖြတ်သန်းသွားဖွယ် ရှိနေပါတယ်။ လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေတဲ့ လမ်းကြောင်းတစ်လျှောက် အန္တရာယ်ရှိနိုင်တဲ့အတွက် လေဆင်နှာမောင်း အန္တရာယ်ကို အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပါတယ်။ လေဆင်နှာမောင်းဟာ ပြင်းအား တစ်နာရီကို မိုင် ၅၀ ကနေ မိုင် ၇၀ ထိ မြင့်တက်ဖွယ်ရှိပါတယ်"ဟု လေဆင်နှာမောင်းနှင့် မုန်တိုင်းသုတေသနအဖွဲ့ (TORRO)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

လေဆင်နှာမောင်း ဖြတ်သန်းဖွယ်ရှိနေသည့်ဧရိယာများကို အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ထားပြီး လေဆင်နှာမောင်း ဗဟိုပြု တိုက်ခတ်ဖွယ်ရှိနေသော ဆွမ်ဒန်မြို့နှင့်ဝစ်ရှိုင်းယားမြို့တို့မှ ဒေသခံများမှာ အန္တရာယ်ရှိနိုင်ကြောင်း၊ လေဆင်နှာမောင်းသည် ဒေသကိုးခုကို ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေပြီး လေဆင်နှာမောင်း အန္တရာယ် အဝါရောင်အဆင့် သတ်မှတ်ထားသော ဧရိယာများမှ ဒေသခံများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် TORRO က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်မြို့တွင် ယခုနှစ်အတွင်း လှုပ်ခတ်ခဲ့သောငလျင်များကြောင့် စာသင်ကျောင်းဆောင်အများအပြား ပျက်စီးခဲ့

**ကဘူးလ် မတ် ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်မြို့တွင် ယခုနှစ်အတွင်း လှုပ်ခတ်ခဲ့သောငလျင်များကြောင့် ဟီရတ်မြို့တွင် အခြေခံအဆောက်အအုံ အမြောက်အမြား ပျက်စီးခဲ့ပြီး စာသင်ကျောင်းဆောင် အများအပြားပျက်စီးခဲ့ကြောင်း ဟီရတ်ပညာရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မတ် ၂၉ ရက် သတင်းများအရ သိရသည်။

မြေငလျင်ကြောင့် ပျက်စီးခဲ့သော စာသင်ကျောင်းဆောင်များကို ပြန်လည်တည်ဆောက်သွားရန် လိုအပ်နေကြောင်း၊ အဆိုပါစာသင်ကျောင်းဆောင်ပေါင်း ၂၈၀ ကျော်သည် အကြီးစားပြင်ဆင်ရန်လိုအပ်နေသည့် စာသင်ကျောင်းဆောင်များဖြစ်ပြီး အသေးစားပြင်ဆင်ရန် လိုအပ်နေသည့် စာသင်ကျောင်းဆောင်ပေါင်း ၄၀၀ ခန့် ရှိနေကြောင်း၊ ကျောင်းသား၊ ကျောင်းသူများမှာလည်း ယာယီစာသင်ကျောင်းဆောင်များတွင် စာသင်ကြားနေရပြီး အချို့သောကျောင်းသား၊ ကျောင်းသူများမှာ ကွင်းပြင်တွင် စာသင်နေရကြောင်း ဟီရတ်ပညာရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဟီရတ်မြို့မှာ ငလျင်ကြောင့် စာသင်ကျောင်းဆောင်ပေါင်း ၂၈၀ ကျော် အကြီးစားပြင်ဆင်မှုပြုလုပ်သွားဖို့လိုအပ်နေပါတယ်။ အသေးစားပြင်ဆင်မှုပြုလုပ်ရမဲ့ စာသင်ကျောင်းဆောင်ပေါင်း ၄၀၀ လောက်ထိ ရှိနေတယ်။ စာသင်ကျောင်းဆောင်တွေ ပျက်စီးသွားတာကြောင့် ကျောင်းသား၊ ကျောင်းသူတချို့ဟာ ကွင်းပြင်မှာ စာသင်နေရတဲ့ အခြေအနေဖြစ်နေတယ်။ စာသင်ကျောင်းဆောင်တွေကို အမြန်ဆုံးပြင်ဆင်ပေးဖို့ လိုအပ်နေတယ်"ဟု ဟီရတ်ပညာရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဂျက်ဘီရ်က ပြောကြားခဲ့ကြောင်း သိရသည်။


**Ref : Russia Today**

**Trs : Sai Sat**

0 w Kw W @

# တောင်ပေါ်ဒီဇင်ဘာမို့ မြူနှင်းများဝေ

ယဉ်အောင်ဟိန်း



(၁)

"ဘူတာကို ဘူတာကို"

"ဝူး. . . ဝူး. . . ဝူး. . . တီ. . . တီ. . . ပေါ်. . . ပေါ်"

"ဒေါက် ဒေါက် ဒေါက် အခန်း ၁၀၊ အခန်း ၁၀ ၄ နာရီထိုးပြီ"

အေးချမ်းလှတဲ့ ဆောင်းဥတုနဲ့အတူ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေတဲ့ လားရှိုးမြို့လေးရဲ့အရှေ့ဘက်ဦးက ကားသံ၊ လူသံတွေနဲ့ လူးလွန့်လှုပ်ရှားနိုးထစပြုလာတယ်။ ထူထဲတဲ့ဂွမ်းစောင်ကြီးအတွင်း ကွေးအိပ်နေတဲ့ ဖိုးကျော်တစ်ယောက် အသံတွေကြောင့် နိုးလာတယ်။ ခန္ဓာကိုယ်ကို တစ်ချက်အညောင်းဆန့်လိုက်တယ်။ ခဏအတွင်း ခရီးဆက်ကြမဲ့ ခရီးသည်တွေရဲ့ တခြစ်ခြစ်တရှပ်ရှပ် ဖိနပ်ရှပ်တိုက်စီး လမ်းလျှောက်သံ၊ မျက်နှာသစ်သံ၊ တရှီးရှီးသွားတိုက်သံ၊ အမျိုးသမီးတွေရဲ့ တရှစ်ရှစ်တရှဲရှဲ သနပ်ခါးသွေးသံတွေနဲ့ တည်းခိုခန်းတစ်ခုလုံး ဆူညံနေတော့တယ်။ ဖိုးကျော်အိပ်ရာထဲက လူးလဲထလိုက်တယ်။

ဖိုးကျော် တည်းခိုခန်းကောင်တာမှာ အခန်းခရှင်း၊ မှတ်ပုံတင်ယူ ဟမ်းဘက်အိတ်ကလေးလွယ်ပြီး သူစီးရမဲ့ကားဂိတ်ဆီကို လမ်းလျှောက်ခဲ့တယ်။ ကားဂိတ်ရောက်တော့ ခရီးသည်က နည်းနည်းပဲရောက်သေးတယ်။ ဗိုက်ဆာသလိုလိုရှိတာနဲ့ ဆာနေတဲ့ဗိုက်လဲဖြည့်ရအောင်၊ ကြွေရရလဲထိုင်ရအောင်စိတ်ကူးနဲ့ ဖိုးကျော် ဘေးဘီပတ်ချာလည်ကိုဝေ့ကြည့်ပြီး စားစရာ၊ သောက်စရာ ဆိုင်ရှာလိုက်တယ်။ မလှမ်းမကမ်းမှာ အငွေ့တထောင်းထောင်းထနေတဲ့ ဒန်အိုးကြီးထဲ ခေါက်ဆွဲတွေပစ်ထည့်လိုက်၊ ဂေါ်ကြီးနဲ့ဆယ်လိုက်လုပ်နေတဲ့ ရှမ်းခေါက်ဆွဲဆိုင်တစ်ဆိုင်ကို တွေ့ရတယ်။ စားချင်စိတ်ပေါ်လာတာနဲ့ ခေါက်ဆွဲဆိုင်ရှိရာကို လျှောက်သွားတယ်။

"ဆန်စေးတိုဟူးပျော့တစ်ပွဲပေးပါ"

"စားတော်ပဲရွက်ထည့်အုံးမလား"

"ဟုတ်ကဲ့ ထည့်လိုက်ပါ။ ငရုတ်သီးမထည့်နဲ့နော်"

စောစောစီးစီး ချမ်းချမ်းအေးအေးမှာ ရှမ်းခေါက်ဆွဲ တိုဟူးပျော့ထဲ ပေါ်ဦးပေါ်ဖျား စားတော်ပဲရွက်ထည့်စားရတဲ့ ထူးကဲလှတဲ့ တောင်ပေါ်ဒေသရှမ်းခေါက်ဆွဲအရသာက လျှာလည်သွားစေတယ်။ ဖိုးကျော်ရေနွေးကြမ်းကို တစ်ကျိုက်သောက်လိုက်တယ်။ လျှာပေါ်မှာ စွဲမက်စရာအဖန်အရသာတစ်မျိုးတိုးသွားတယ်။ ရေနွေးကြမ်းက ဖန်ခွက်နဲ့တစ်ခွက်သာချပေးတာဖြစ်လေတော့ ဖိုးကျော် ရေနွေးကြမ်းသောက်ရတာ အားမရ အာသာမပြေဖြစ်နေတယ်။

"ရေနွေးကြမ်းတစ်ခွက်လောက်ပေးပါအုံးဗျ"

"ဒီခုံမှာလူရှိလား ထိုင်မယ်နော်"

ပြောပြောဆိုဆို သူထိုင်နေတဲ့ ဘေးကခုံလွတ်မှာ ဝင်ထိုင်လိုက်တဲ့ အမျိုးသမီးကို ခေါက်ဆွဲငုံပြီးစားနေတဲ့ ဖိုးကျော်က တစ်ချက်မော့ကြည့်လိုက်တယ်။ ပိန်ပိန်ပါးပါး အချိုးအဆစ်ပြေပြေ မျက်လုံးမျက်ခုံးကောင်းကောင်း နှာတံမပေါ့တပေါ် အသားဖြူဖြူနဲ့ တိုင်းရင်းသူလေးဖြစ်ဟန်တူတဲ့ မိန်းကလေးတစ်ယောက်ဖြစ်နေတယ်။ အဲဒီမိန်းကလေးရဲ့ ရှိုးသားဖြူစင်ပွင့်လင်းပုံရတဲ့မျက်နှာက အပြုံးပန်းလေး လှစ်ခနဲပွင့်သွားတယ်။ လားရှိုးဆောင်းနဲ့အတူ ဖိုးကျော်ရင်ထဲအေးမြသွားတယ်။ ဖိုးကျော် ခေါက်ဆွဲစားပြီးချိန်မှာ ကားဂိတ် ခရီးသည်တွေ အတော်ရောက်နေပြီ။ သောက်လက်စရေနွေးခွက်ကို မော့ချလိုက်ပြီး ခေါက်ဆွဲဆိုင်က ထခဲ့တယ်။ ကားပေါ်မှာ လူတွေအတော်စုံနေပြီ။

(၂)

"မန္တလေးဘက်လိုက်မဲ့ ထိုင်ခုံနံပါတ် ၄ ခရီးသည် မန္တလေးကားထွက်ပါတော့မယ်"

ကားထွက်တော့မှာမို့ စပယ်ယာက လိုနေတဲ့ခရီးသည်တစ်ယောက်ကို တကြော်ကြော်ခေါ်သတိပေးနေတယ်။ ကားစက်နှိုးမှ ခရီးသည်က ကားပေါ်အပြေးအလွှားတက်လာတယ်။ တက်လာတဲ့ခရီးသည်ကို ဖိုးကျော်ကြည့်လိုက်တော့ ခေါက်ဆွဲဆိုင်မှာတွေ့ခဲ့တဲ့ မိန်းမချောလေးဖြစ်နေတယ်။

"အစ်ကို ကျေးဇူးပြုပြီး ခုံချင်းလဲပေးပါလား။ ညီမ မူးတတ်လို့ပါ"

တိုက်တိုက်ဆိုင်ဆိုင် သူထိုင်ခုံနံပါတ်လေးက ဖိုးကျော်ဘေးကထိုင်ခုံဖြစ်နေတယ်။ မိန်းကလေးတစ်ယောက်ဖြစ်နေတဲ့အတွက် ဖိုးကျော်မငြင်းသာ။ နေရာချင်းလဲပေးလိုက်တယ်။ ကျေးဇူးတင်တဲ့အကြည့်တွေနဲ့ ကျေးဇူးတင်စကားပြောနေတဲ့ အပြုံးပိုင်ရှင်မလေးကို-

"ရပါတယ် ညီမရယ် တစ်ခရီးထဲသွားရမဲ့ခရီးသည်တွေပဲ"

စပယ်ယာက ခရီးသည်စာရင်းစာရွက်နဲ့ လူတိုက်ကြည့်စစ်ဆေးပြီး-

"လူစုံရင် မန္တလေးကားထွက်ပါမယ်။ ဆွဲဆရာရေ"

ဂိတ်ကနေ တစ်လှိမ့်ချင်းမောင်းထွက်လာတဲ့ကားက မြို့အထွက် မောင်းတံဂိတ်ရောက်တော့ ရှေ့က တန်းစီရပ်ထားတဲ့ကားတွေနောက်မှာရပ်လိုက်တယ်။ မြို့အထွက် မောင်းတံဂိတ်တွေက မနက် ၆ နာရီမထိုးမချင်း ထွက်ခွင့်မပေးဘူး။ ၆ နာရီတီတီထိုးမှ မောင်းတံဂိတ်က ထွက်ခွင့်ပေးတယ်။ ထွက်ခွင့်ပေးလိုက်တာနဲ့ ဂိတ်မှာတန်းစီရပ်ထားတဲ့ကားတွေ တစ်စီးနဲ့တစ်စီး ပြိုင်ကားတွေလို ရှာဖွေရေးဂိတ်မရောက်မချင်း တဝေါဝေါနဲ့မောင်းနေကြတယ်။ ကားမောင်းတာမြန်လွန်းတဲ့အရှိန်ကြောင့် အဲဒီမိန်းကလေးရဲ့ကိုယ်လုံးလေးက ဖိုးကျော်ဘက်အိလာလိုက်။ ဖိုးကျော်ခန္ဓာကိုယ်ကြီးက မိန်းကလေးဘက်ဖိသွားလိုက်ဖြစ်နေတယ်။ နူးညံ့အိစက်နွေးထွေးတဲ့ အထိအတွေ့တွေကြောင့် ရင်ဖိုမိသလိုဖြစ်နေတဲ့ ဖိုးကျော် သူ့ကို အားနာတဲ့အကြည့်နဲ့ကြည့်မိချိန်မှာတော့ သူက ဒုတိယမ္ဘ အပြုံးပန်းတစ်ပွင့်ခြွေလိုက်တယ်။ ရှာဖွေရေးဂိတ်ရောက်တော့ ခရီးသည်အားလုံး ကားတွေပေါ်က ဆင်းပေးရတယ်။ ရှေ့ကရောက်တဲ့ကားကို အရင်ရှာဖွေစစ်ဆေးပြီး ထွက်ခွင့်ပေးတယ်။ ဖိုးကျော်တို့စီးလာတဲ့ကားစစ်ဆေးပြီလို့ ထွက်ခွင့်ပေးတဲ့ အခါမှာတော့ ဂိတ်မှာတုန်းကလို သူတစ်ယောက်လိုနေလို့ ကားစပယ်ယာက ခေါ်ရပြန်တယ်။

(၃)

ရှမ်းပြည်နယ်မြောက်ပိုင်း တောင်ပေါ်ဒီဇင်ဘာရဲ့ နံနက်ခင်းမှာ တောင်တန်းတွေက ထူထူထဲထဲ နှင်းမှုန်နှင်းပွင့် နှင်းဝတ်ရုံလွှာကြီးကို မနက် ၈ နာရီထိ ကြည့်လေရာတိုင်း မသဲမကွဲဖြစ်နေတယ်။ ဒီလိုမမြင်ရတဲ့ မြင်ကွင်းတွေကိုက ဖိုးကျော်အတွက် ကြည်နူးသာယာပျော်ရွှင်စရာဖြစ်နေတယ်။ ကားက အမြန်မောင်းနေတော့ ဖိုးကျော်တစ်ယောက် ဝတ်ဆင်ထားတဲ့ ဂျာကင်အင်္ကျီအတွင်းက ခိုက်ခိုက်တုန်အောင်ချမ်းနေတယ်။ ဝမ်းထဲကအူတွေအသည်းတွေတောင် တဆတ်ဆတ် တုန်လာတယ်။

"အစ်ကိုက ကုန်သည်ပဲလား"

"မဟုတ်ပါဘူး။ အလည်အပတ်သက်သက် လာတာပါ"

"ဪ. . . ဒါကြောင့် ဒီဒေသအကြောင်း မသိတာကိုး။ ဒီရာသီက တော်ရုံတန်ရုံအနွေးထည်နဲ့မရဘူး။ ညီမတို့တောင် ကားစီးရင် တဘက်ခြုံထားရတယ်။

သူပြောမှ ဖိုးကျော် ကားပေါ်ကလူတွေကြည့်လိုက်တော့ အမျိုးသမီးအများစုက တဘက်ကိုယ်စီခြုံထားကြပြီး အမျိုးသားတွေက ကုတ်၊ ဂျာကင်အင်္ကျီတွေအတွင်းက ဆွယ်တာတစ်ထပ်ခံဝတ်ထားတာ တွေ့ရတယ်။

"အောက်ပိုင်းမှာတော့ ဒီအနွေးထည်က အထူကြီးပဲလေ ဒါနဲ့ရမယ်ထင်တာပေါ့"

"မရဘူးအစ်ကို အအေးပပ်သွားမယ်။ ရော့ရော့ ခြုံပါ ခရီးသည်အချင်းချင်းပဲ"

သူခြုံထားတဲ့ ကြီးမားတဲ့စောင်တဘက်ကြီးကို ဖိုးကျော်ပခုံးပေါ် တစ်ဝက် ပစ်တင်ပေးလိုက်တယ်။ ရိုးသားပွင့်လင်းလွန်းတဲ့ တောင်ပေါ်သူမိန်းကလေးရဲ့ စေတနာက အရှက်အကြောက်အားကြီးတဲ့ ဖိုးကျော်ရင်ထဲမှာ ရှိန်းဖိန်းသွားပြီး ရှက်ကိုးရှက်ကန်းနဲ့ ပတ်ဝန်းကျင်ကိုကြည့်လိုက်မိတယ်။ ခရီးသည်အားလုံးက ကိုယ့်အာရုံနဲ့ကိုယ်မို့ သူတို့ကို ဘယ်သူမှဂရုမစိုက်။

"ရပါတယ် ညီမရယ် အစောကလောက်မအေးတော့ပါဘူး။ ကျေးဇူးပါ ညီမပဲ လုံလုံခြုံထားပါနော်"

(၄)

တောင်ပေါ်ဒေသက ဖိုးကျော်အတွက်တော့ မြေပြန့်နဲ့မတူတဲ့အစားအစာတွေ စားရတဲ့အရသာကလဲ ထူးကဲနေတယ်။ စကားသံဝဲဝဲနဲ့ စကားပြောကြတာတွေကလဲ နားထဲမှာ ချိုမြိန်လှတယ်။ သစ်ပင်ဝါးပင်တွေနဲ့ တောတောင်တွေပေါ်မှာ ပင်လုံးကျွတ်အရွက်မမြင်ရအောင် ပွင့်နေတဲ့ ချယ်ရီပန်းတွေကလဲ မျက်စိပသာဒဖြစ်လွန်းလှတယ်။ နှင်းတွေထူထူထဲထဲကျရောက်ပြီး ရိုးတွင်းခြင်ဆီထိအောင် ချမ်းအေးမှုကို ခံစားရတာ၊ မြင်ရတာတွေဟာလဲ ကြည်နူးပျော်ရွှင်စရာ ထူးခြားတဲ့ အတွေ့အကြုံတစ်ခုဖြစ်နေလို့ စိတ်ထဲမှာထင်နေတယ်။ ဒီထက်ကြည်နူးရတာက ယမင်းရုပ်လေးလို လှပကြော့ရှင်းတဲ့ မိန်းမပျိုလေးတစ်ယောက်က တောင်ပေါ်ဒေသအကြောင်းတွေကို စကားပြန်တစ်ယောက်လို ဘေးကတတွတ်တွတ်ပြောပြနေလို့ပါပဲ။ သီပေါအရောက်မှာ စိမ်းလဲ့ကြည်လင်ပြီး တသွင်သွင်စီးဆင်းနေတဲ့ ဒုဋ္ဌဝတီမြစ်ရိုးတစ်လျှောက် ပင်လုံးကျွတ်ဝါထိန်နေအောင် အကိုင်းကျိုးမတတ်သီးနေတဲ့ လိမ္မော်ခင်းတွေက ဖိုးကျော်မျက်စိထဲ ထူးဆန်းတဲ့အလှတစ်မျိုးဖြစ်နေတယ်။ ကားက သီပေါဖြတ်ပြီး တစ်နာရီကျော်ကျော်လောက်ကြာတော့ ဈေးဆိုင်တန်းတစ်နေရာမှာ ထိုးရပ်လိုက်တယ်။

"ထမင်းစား နာရီဝက်နားပါမယ်။ ခရီးသည်တွေ ဝေးဝေးမသွားကြပါနဲ့"

"ကျောက်မဲမရွှေမုန့်ရမယ်၊ ဆားငန်သီးတွေရမယ်"

"နွားနို့ခြောက်ရမယ်၊ လက်ဖက်ခြောက်ရမယ်"

ဈေးသည်တွေအော်ဟစ်ရောင်းချနေတဲ့အသံတွေကြောင့် ဒီနေရာဟာ ကျောက်မဲဆိုတာ ဖိုးကျော်သိလိုက်တယ်။ ကားပေါ်ကဆင်းပြီး ထမင်းစားဖို့ သန့်ရှင်းသပ်ရပ်မယ်ထင်ရတဲ့ဆိုင်ကို ဖိုးကျော်လိုက်ကြည့်ရွေးချယ်နေတယ်။

"အစ်ကို ဘာစားမှာလဲ။ ထမင်းပဲစားမှာမဟုတ်လား။ ညီမစားနေကျဆိုင်ရှိတယ်။ စားလို့လဲကောင်းတယ်။ သန့်လဲသန့်ရှင်းတယ်"

ဖိုးကျော် သူနဲ့အတူ ထမင်းစားရမလား၊ မစားဘဲနေရကောင်းမလား တွေးနေစဉ်မှာပဲ သွက်လက်တဲ့သူက-

"ဘာလဲ အစ်ကိုက ညီမကိုကျွေးရမှာကြောက်လို့လား။ လာပါ။ ညီမ အစ်ကို့ဆီက ကပ်မစားပါဘူးနော်"

"ဟာ အဲလိုမဟုတ်ပါဘူး"

"အဲလိုမဟုတ်ရင်လာ"

ပြောပြောဆိုဆိုပင် သူဦးဆောင်ခေါ်သွားတဲ့ ဆိုင်တစ်ဆိုင်မှာ သူတို့နှစ်ယောက်ထိုင်မိလျက်သား ဖြစ်သွားတယ်။

"အစ်ကို ဘာစားမလဲ မှာလေ"

"ညီမမှာလိုက်ပါ အစ်ကိုမကြိုက်တာမရှိပါဘူး။ အကုန်စားပါတယ်"

တရုတ်ဟင်း အကြော်အလှော်တွေမှာပြီး သူတို့နှစ်ယောက်စားကြတယ်။

"အစ်ကို စားနော်"

သူက ဟင်းခွက်တွေကို ဖိုးကျော်ဘက် တိုးပေးလိုက်တယ်။

စာမျက်နှာ ၂၅ သို့ ➤

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၇၄၃၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ထီးချိုင့် မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၇၄၃၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၄၃၁ ဧကထိ နုတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ တစ်ဧကလျှင် ၆၅ ဒသမ ၄၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ လက်ရှိအချိန်မှာတော့ ဧက ၇၀၀၀ ကျော်ထိ နုတ်သိမ်းပြီးပါပြီ။ မြေပဲ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ မိုးဥတုမှာထက် ဆောင်းဥတုမှာ အများစုစိုက်ပျိုးကြတာဖြစ်ပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၂၂၈၀ လျာထားစိုက်ပျိုးခဲ့ရာ ၂၂၇၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်ထံမှ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ် ဇီးပြုချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒေးဒရဲ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာစေရန်ရည်ရွယ်၍ ဇီးပြုချောင်ကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၉ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးပြုချောင်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ရေလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဒေးသူ**

# မုန်းချောင်းသက်သေ လွမ်းငွေ့ဝေ

\- နေခြည်ဖြာ ကုန်းစောင်းနံဘေးဆီက
ရေကြည်ပြာ မုန်းချောင်းကလေးမှာဖြင့်
ထုံးမပြောင်းသေး စီးဆင်းနေ။

\- လမ်းစသွယ်သွယ်
မှန်းရလွယ် ရွာဝင်လမ်းတွေက
လွမ်းရတယ် တမာပင်တန်းတွေနှင့်
မလာခင်လွမ်းမဲ့ ဇာတိရွာကိုကွယ်
လာကြည့်ပါ မိတ်ဆွေများရယ်
စည်ကားလှပေ။

\- လှမ်းကြည့်မျှော် အမှောင်တွေဆိုင်းလျက်
ဆန်းဘိနော် တောင်တွေဝိုင်းပုံက
ရှောင်လေတိုင်း တွေ့ရမလေ
အညာမြေရဲ့ ထနောင်းတော။

\- မန်ကျည်း ကုက္ကို
ထီးအုပ်သလို အရိပ်ကောင်းပါတဲ့
အတိတ်ဟောင်းက ကျင်လည်ရာ
အစဉ်တွယ်တာ လွမ်းစိတ်များပါဘိ
ကမ်းထိပ်နားက အေးစေတီ
ဝေးနေပြီ အညာအလှကို
(ကွယ်တို့ရယ်. . .)
မှန်းဆရှုမော။ ။

**မယ်မင်းခ(စေရာ)**

# မိုင်းယန်းမြို့နယ် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းယန်း မတ် ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် တာဝန်ရှိသူများသည် မိုင်းလွေခေတ်မီစံပြကျေးရွာ၌ အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာသန့်ရှင်းသာယာလှပရေးနှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းလွေခေတ်မီစံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းထံမှ သိရသည်။

**မောင်ရိုင်**

➤ စာမျက်နှာ ၂၄ မှအဆက်

"ညီမ စားပါ"

ဖိုးကျော်က သူ့ဘက်ပြန်တိုးပေးလိုက်ပြန်တယ်။ အချိန်တိုအတွင်းမှာ ရင်းနှီးသွားကြတဲ့ သူတို့နှစ်ယောက်ရဲ့လက်ဆုံစားပွဲက ကြည်နူးစရာဖြစ်နေပါတော့တယ်။ ထမင်းစားပြီးတော့ ဖိုးကျော်က အရင်ဦးအောင် ပိုက်ဆံရှင်းဖို့ စားပွဲထိုးတစ်ယောက်ကို ခေါ်လိုက်တယ်။

"အစ်ကို ဘာမှာချင်လို့လဲ ညီမ မှာပေးမယ်လေ"

"မမှာပါဘူး ညီမရယ်။ ပိုက်ဆံရှင်းမလို့ပါ"

"ညီမရှင်းပြီးပါပြီ အစ်ကိုရဲ့"

"အို မဟုတ်တာ အားနာစရာကြီး ဘယ်အချိန်က ရှင်းလိုက်တာလဲ ညီမရယ်"

"အားနာရင် မန္တလေးရောက်မှ အစ်ကို့အိမ်ခေါ်ပြီး ညီမကို ကျွေးနော် ဟုတ်ပြီလား"

"ဟုတ်ပါပြီဗျာ ရပါတယ်"

နှစ်ယောက်သား ရယ်ရယ်မောမောနဲ့ ထမင်းဆိုင်ကထခဲ့ကြတယ်။ ဖိုးကျော်တို့ ကားပေါ်ရောက်ပြီး မကြာခင်ကားထွက်တယ်။ ပိုပိုရင်းနှီးလာတဲ့ သူတို့နှစ်ယောက်အတွက် သာယာလှပတဲ့ ဂုတ်တွင်း၊ ဂုတ်ထိပ်၊ နောင်ချိုပြင်ဦးလွင်လမ်းတစ်လျှောက် ရှုခင်းတွေက သူတို့နှစ်ယောက်ရဲ့ ကြည်နူးသာယာမှုကို အစွမ်းကုန်အားဖြည့်ပေးနေပါတော့တယ်။ ဖိုးကျော်ရဲ့အသည်းနှလုံးဒိုင်ယာရီထဲမှာ မေ့မရနိုင်တဲ့ခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းရေးထိုးလိုက်ပါပြီ။

(၅)

တောင်ပေါ်ကဆင်းလာတဲ့ အဝေးပြေးကားတွေ အုန်းချောရွာအရောက်မှာ ယာဉ်ထိန်းရဲက အုန်းချောရဲစခန်းအတွင်းမောင်းဝင်ဖို့ လမ်းညွှန်နေတယ်။

"ခရီးသည်တွေ လှုပ်လှုပ်ရွရွမလုပ်ကြပါနဲ့။ ကိုယ့်ထိုင်ခုံမှာကိုယ် ငြိမ်ငြိမ်ထိုင်နေကြပါ"

တာဝန်ရှိသူတွေက ကားတွေရဲ့ဘေးမှာရပ်ပြီး ကားတွေပေါ်က ခရီးသည်တွေ တစ်ယောက်မှအဆင်းမခံဘဲ စစ်ဆေးမဲ့နေရာကို ကားတွေတစ်စီးချင်း အထိုးခိုင်းပြီး ခရီးသည်တစ်ယောက်ချင်း အဆင်းခိုင်းတယ်။ ပါလာတဲ့ပစ္စည်းနဲ့လူတွဲပြီး အသေးစိတ်စစ်ဆေးတယ်။ ဖိုးကျော်တို့စီးလာတဲ့ ကားအလှည့်ရောက်တော့ သူပါလာတဲ့ပစ္စည်း၊ ပလတ်စတစ်ခွက်တွေ၊ ခြင်းတွေကို တစ်ခုချင်းစစ်ဆေးနေချိန်မှာ သူက ကြောက်ရွံ့စိုးရိမ်တဲ့ မျက်နှာလေးနဲ့ တစ်ချက်တစ်ချက် ဖိုးကျော်ကိုကြည့်နေတယ်။ ဆပ်ပြာခွက်တွေ ဖွင့်စစ်လိုက်တဲ့အခါမှာတော့ အတွင်းက ဆပ်ပြာမှုန့်လို ဖြူဖြူအထုပ်ကလေးတွေ ထွက်လာတယ်။ ရှာဖွေရေးအဖွဲ့က သူ့ကို ရဲစခန်းဘက်ခေါ်သွားချိန်မှာတော့ ဖိုးကျော်ပါးစပ်က "ဟာ"ခနဲအသံထွက်ပြီး နားမလည်အောင်ဖြစ်သွားတယ်။ ဖိုးကျော်အမြင်မှာတော့ ဆပ်ပြာမှုန့်ထုပ်ကလေးတွေပဲထင်နေတယ်။ နောက်မှ ကားပေါ်ကလူတွေ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ပြောကြလို့ ဘိန်းဖြူမှုန့်တွေဆိုတာသိလိုက်တယ်။ သူ့ရဲ့မျက်ဝန်းအစုံက မိုးသီးမိုးပေါက်လို မျက်ရည်ပေါက်ကြီးတွေ တပေါက်ပေါက်ကျပြီး ဖိုးကျော်ကို ဝမ်းနည်းပက်လက်ကြည့်နေရှာတယ်။ ဖိုးကျော်လဲ စိတ်လှုပ်ရှားလွန်းလို့ ခြေလက်တွေတုန်နေတယ်။ ဘာလုပ်ရမှန်းမသိ။ စိတ်မကောင်းရုံကလွဲပြီး သူ့လဲဘာမှမတတ်နိုင်။ တာဝန်ရှိသူတွေခေါ်ရာကို တရွေ့ရွေ့လိုက်သွားတဲ့ သူ့ကျောပြင်လေးကိုကြည့်ပြီး ဖိုးကျော်ငေးကျန်ခဲ့တယ်။ တစ်နေ့တာကြည်နူးမှုရဲ့ ဆိုးရွားခါးသီးလွန်းတဲ့ တုံ့ပြန်မှုရလဒ်က သူတို့နှစ်ယောက် ကြေကွဲဆိုနစ်မှုတွေနဲ့ အဆုံးသတ်ရပါပြီကော။

မိန်းမပျိုလေးဖြစ်ပါလျက်နဲ့ ဘဝနဲ့ရင်းရတဲ့ဒီအလုပ်မျိုးလုပ်ရတဲ့ သူ့ဘဝအတွက် ဖိုးကျော်နာကြည်းနေမိတယ်။ သူ ဘာကြောင့် ဒီအလုပ်မျိုးလုပ်ရတာလဲဆိုတဲ့ အဖြေမသိတဲ့ပုစ္ဆာကို ဖိုးကျော်ဖြေဆိုရင်း ရဲစခန်းအတွင်းက ပြန်ထွက်နေပြီဖြစ်တဲ့ ကားပေါ်ကနေ သူ့ကို မမြင်ရပေမဲ့ သူ့ကိုခေါ်ဆောင်ထားရှိတဲ့ အဆောင်လေးကို လှမ်းမျှော်ကြည့်ရင်း ရင်ထဲက နာကျင်ကြေကွဲနေတဲ့နှလုံးသားက သူ့ကို နှုတ်ဆက်နေမိတယ်။ ဖိုးကျော်တစ်ယောက် နှင်းတွေဝေနေတဲ့ ဒီဇင်ဘာရောက်လေတိုင်း သူရေးထိုးထားတဲ့ နှလုံးသားဒိုင်ယာရီကို ပြန်ဖတ်မိဆဲ။ ဖတ်မိမြဲ။ ဖတ်မိလျက်ပါ။

ခရီးသွားဆောင်းပါး

# စေတီတော်ထူးစန္ဒကူး နှစ်ပေါင်းရှည်ကြာကျောင်းတော်ရာ

သက်နိုင်(မြင်ဦးလွင်)



မန်းရွှေစက်တော်ဘုရားပွဲကာလက တပို့တွဲလဆန်း ၅ ရက်နေ့ကနေ မြန်မာနှစ်ဆန်း တစ်ရက်နေ့ထိလို့သိရတယ်။ မိမိတို့ရောက်ရှိနေတဲ့နေ့ရက်က တပို့တွဲလပြည့်နေ့နဲ့ လပြည့်ကျော်တစ်ရက်ဖြစ်နေတာအပြင် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေနဲ့တိုက်ဆိုင်နေလို့ ဘုရားပွဲတော်ဖွင့်ခါစ အရင်ရက်တွေထက် ဘုရားဖူးဧည့်သည် ပိုမိုများပြားလာကြောင်း ဆွမ်းချက်အဖွဲ့ကပြောပြတယ်။ အရင်ရက်တွေက သံဃာတော်တွေကို ဆွမ်းကပ်လောင်းလှူတဲ့အလှူရှင်တွေ နည်းပါးကြောင်း၊ ဈေးသည်တွေလဲ အရောင်းအဝယ်ပါးကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလတွေ ရောက်မှသာ ဘုရားဖူးဧည့်သည်များပြားလာပြီး သံဃာတော်တွေဆွမ်း၊ ဆွမ်းဟင်းပြည့်လျှံစွာ ရရှိကြကြောင်း ထပ်မံသိရှိလိုက်ရလို့ နောက်နှစ်တွေမှာလာဖြစ်ခဲ့ရင် ပွဲတော်အစ ဘုရားဖူးဧည့်သည် နည်းပါးချိန်မှာ လာရောက်ကြပြီး ဆွမ်းတွေကိုလဲ ဒီထက်မက ပိုမိုလောင်းလှူနိုင်ဖို့ စဉ်းစားဆုံးဖြတ်ထားလိုက်ကြတယ်။

ဒီနေ့ဆွမ်းလောင်းလှူကြတဲ့အခါ တန်းစီကြွချီလာကြတဲ့ သံဃာတော်တွေအထဲမှာ ကိုရင်ငယ်လေးတွေ အများအပြားပါဝင်နေတာကို တွေ့မြင်နေရတယ်။ တကယ်လို့ဆွမ်းလောင်းလှူကြတဲ့ အလှူရှင်၊ ကုသိုလ်ရှင်တွေက သံဃာတော်အားလုံးအတွက်မဟုတ်ဘဲ သံဃာအပါး ၅၀၊ ၁၀၀ အတွက်လောက်သာ သတ်မှတ်လောင်းလှူကြမယ်ဆိုရင် နောက်ကနေကြွချီလာကြတဲ့ ကိုရင်ငယ်လေးတွေ ဆွမ်းရကြတော့မှာမဟုတ်ပါဘူး။ ကြွချီလာကြတဲ့ သံဃာတော်စုစုပေါင်းက အပါး ၁၅၀ ရှိနေတယ်။ ဒါကြောင့်လဲ နောက်နှစ်တွေမှာ လာရောက်ဆွမ်းလောင်းလှူမယ်ဆိုရင် သံဃာတော်အရေအတွက် ဘယ်လောက်ရှိရှိ၊ ဘယ်လောက်များများ အားလုံးကိုပြည့်စုံစွာလောင်းလှူနိုင်ဖို့ ကြိုးစားကြရမှာဖြစ်ကြောင်း ထပ်မံစဉ်းစားဆုံးဖြတ်လိုက်ရတယ်။

သံဃာတော်တွေကို ဆွမ်းလောင်းပြီးကြတာနဲ့ ဖွင့်လှစ်ရောင်းချခါစ ဈေးဆိုင်တန်းမှာ လက်ဖက်ရည်သောက်၊ မုန့်စားကြပြီး အောက်စက်တော်ရာကို ဖူးမြော်ကြဖို့ ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ မန်းရွှေစက်တော်ရဲ့ မနက်စောစော ရာသီဥတုအခြေအနေက အနွေးထည်တွေ ကိုယ်စီဝတ်ထားကြရတဲ့ထိ ချမ်းအေးနေဆဲပါ။ ဘေးပတ်ဝန်းကျင်တစ်ခွင်မှာလဲ သဘာဝတောရိပ်၊ တောင်ရိပ်တွေရှိနေကြသေးတယ်။ စက်တော်ရာဘုရားအနီးမှာ ဘေးမဲ့တောကြီးတစ်တောလဲရှိနေသေးတယ်။ ဒီနေရာ၊ ဒီဒေသ၊ ဒီပတ်ဝန်းကျင်က မိုးရာသီအချိန်အခါမှာ မန်းချောင်းရေက အောက်စက်တော်ရာအမိုးရောက်တဲ့ထိ ရေအပြည့်နဲ့ လူသူအရောက်အပေါက်မရှိသလောက်နည်းပါးပြီး ဘေးမဲ့တောတိရစ္ဆာန်လေးတွေသာ ကျင်လည်ကျက်စားနေကြလေ့ရှိတယ်။

မန်းရွှေစက်တော်ရဲ့သမိုင်းအထောက်အထားတွေအရ မဟာသက္ကရာဇ် ၁၂၄ ခုနှစ် (ဘီစီ ၅၆၉ ခုနှစ်)မှာ မြတ်စွာဘုရားရှင်က သုနာပရန္တတိုင်းကို ကြွချီလာခဲ့တယ်။ ကျောင်းတော်ရာမှာ ရေစက်ချအပြီး သာဝတ္ထိကို ပြန်လည်ကြွရောက်စဉ် နမ္မဒါနဂါးမင်းရဲ့တောင်းပန်မှုကြောင့် ခြေတော်ရာတစ်ဆူ(အောက်စက်တော်ရာ)၊ သစ္စဗန္ဓရဟန္တာရဲ့ တောင်းပန်မှုကြောင့် ခြေတော်ရာတစ်ဆူ(အထက်စက်တော်)တို့ကို ခတ်နှိပ်တော်မူခဲ့တယ်။ ပုဂံခေတ်အခါက တောင်သူကြီးမင်း၊ အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ နားတောင်းများမင်း စတဲ့မင်းတွေက ရွှေစက်တော်မှာ အလှူပစ္စည်းလှူဒါန်းတာတွေ၊ တန်ဆောင်းပြာသာဒ်ဆောက်လုပ်တာတွေ လုပ်ဆောင်ခဲ့ကြတယ်။ ဒါ့ပြင် အင်းဝခေတ် မိုးညှင်းမင်း၊ ဒုတိယမင်းခေါင်တို့ကလဲ ရွှေစက်တော်ဘုရားကို ကိုယ်တိုင်လာရောက်ဖူးမြော်ခဲ့ကြတယ်။ မန်းရွှေစက်တော်ဆိုတာကတော့ မန်းချောင်းအနီးဘေးမှာရှိနေတဲ့ ပါဒစေတီတော်ကို မန်းရွှေစက်တော်လို့ ခေါ်ဆိုခဲ့ကြတာပါ။

အင်းဝခေတ်ဆရာတော်ရှင်မဟာရဋ္ဌသာရရဲ့ ရွှေစက်တော်သွားတောလားက မြန်မာစာပေလောကမှာ ကျော်ကြားထင်ရှားခဲ့ပါတယ်။ ခရစ်နှစ် ၁၄၈၇ ခုနှစ်မှာ ဆရာတော်က ဦးရိုးတော်နှစ်ယောက်နဲ့အတူ ရွှေစက်တော်ကို ဘုရားဖူးထွက်လာခဲ့တယ်။ ဘုရားဖူးထွက်လာရင်း "တစ်ကုန်းဆင်းသက်၊ တစ်ကုန်းတက်၍၊ မြိုင်နက်သာမော၊ စုံတစ်ကြော၌၊ တစ်တောထွက်ဝင်၊ တစ်တောမြင်နှင့်၊ တစ်ပင်ရိပ်နား၊ တစ်ပင်သွား၍" စတဲ့ တောလမ်းခရီးကြမ်း အတွေ့အကြုံတွေကို ရေးဖွဲ့မှတ်တမ်းတင်ခဲ့ပါတယ်။

နောက်ထပ်တစ်ခါ စက်တော်ရာနှစ်ဆူက ညောင်ရမ်းခေတ်ဦးကာလတွေမှာ တောတွေ၊ ချုံတွေကြား တိမ်မြုပ်ပျောက်ကွယ်နေခဲ့သေးတယ်။ ဒီအချိန်မှာ တောင်ဖီလာဆရာတော်ကြီးက အခြားဆရာတော်လေးပါးနဲ့အတူ အဓိဋ္ဌာန်နဲ့ လာရောက်ရှာဖွေခဲ့ကြတယ်။ အဲဒီနောက်ပိုင်းမှာ ညောင်ရမ်းမင်းအဆက်ဆက်တို့ ဆက်လက်ကြည်ညိုကိုးကွယ်ခဲ့ကြပြီး ကုန်းဘောင်ခေတ်ရောက်တဲ့ထိ သက်ဆိုင်ရာမင်းအသီးသီးတွေက တန်ဆောင်းပြာသာဒ်တွေ ဆောက်လုပ်လှူဒါန်းလာခဲ့ကြတယ်။ ကိုလိုနီခေတ်ကာလ ၁၉၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ အထက်စက်တော်ရာမှာရှိတဲ့ တန်ဆောင်းပြာသာဒ်တွေကို မီးသင့်လောင်ပျက်စီးခဲ့ရတာကြောင့် သက်တော်ရှည်ဆရာတော် ဦးပါရမီက ဂေါပကအဖွဲ့တွေနဲ့အတူ အထူးကြပ်မတ်ပြီးပြန်လည်ဆောက်လုပ်ခဲ့ရတယ်။

လက်ဖက်ရည်သောက်၊ မုန့်စားအပြီး အောက်စက်တော်ရာကိုရောက်တော့ ညတုန်းကပိတ်ထားတဲ့ သံတိုင်တံခါးကြီးလဲ ဖွင့်လှစ်ထားပြီဖြစ်လို့ အမျိုးသားဘုရားဖူးတွေက ခြေတော်ရာရှိတဲ့အတွင်းထဲထိ ဝင်ရောက်ဖူးမြော်ခွင့်ရကြတယ်။ အလင်းရောင်ထွက်ပေါ်ခါစ မနက်စောစောဖြစ်နေပေမဲ့ အောက်စက်တော်ရာမှာ ဘုရားဖူးတွေများနေပါပြီ။ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် စာနာကူညီပေးမှုတွေနဲ့ ဘုရားကန်တော့ခွင့်၊ ရွှေသင်္ကန်းကပ်လှူခွင့်၊ လေ့လာကြည့်ရှုခွင့်တွေကို အေးအေးဆေးဆေး ကျေကျေနပ်နပ်ရရှိခဲ့ကြတယ်။ အခုတစ်ခေါက်မှာတော့ မိုးရာသီကာလ ရေများချိန်ရောက်ရင် အောက်စက်တော်ရာကို ဖုံးအုပ်ထားတဲ့ ဖန်အုပ်ဆောင်းကြီးကို သေသေချာချာလေ့လာကြည့်ရှုမိတယ်။ ကြီးမားတဲ့ဖန်အုပ်ဆောင်းကြီးက စက်တော်ရာရဲ့အပေါ် တည့်တည့်မှာရှိနေတယ်။

အောက်စက်တော်ရာကိုဖူးမြော်ပြီးကြတာနဲ့ အထက်စက်တော်ရာကိုမသွားကြသေးဘဲ တည်းခိုဆောင်ပြန်ပြီး ပစ္စည်းတွေသိမ်း၊ အခန်းသော့အပ်လုပ်ကြရတယ်။ အလွန်မတ်စောက်မြင့်မားလွန်းတဲ့ အထက်စက်တော်ရာကို စောင်းတန်းလှေကားတွေအတိုင်း ခြေကျင်တက်ရောက်ကြရတာ မောပန်းပြီးအချိန်တွေကုန်တာကြောင့် တောင်တက်ကားလမ်းအတိုင်း ကားနဲ့တက်ရောက်ကြတော့မှာပါ။ ခရီးအစီအစဉ်ကလဲ အထက်စက်တော်ရာကိုတက်ရောက်ဖူးမြော်ပြီးတာနဲ့ မင်းဘူးမြို့အနီးတစ်ဝိုက်မှာရှိတဲ့ ဘုရားစေတီတွေ၊ အထင်ကရနေရာတွေကို သွားရောက်ဖူးမြော်လေ့လာကြဖို့ စီစဉ်ထားကြတယ်။ အထက်စက်တော်ရာအပေါ်ထိ ကားနဲ့တက်ရောက်မောင်းနှင်သွားတော့လဲ အချိန်ကြာခြင်းမရှိ တစ်ခဏနဲ့ရောက်ရှိလာကြတယ်။ ဒါပေမဲ့ တောင်ပေါ်မှာရှိတဲ့ ကားရပ်နားကွင်းက အလွန်ကျဉ်းမြောင်းနေပြီး လာရောက်ကြတဲ့ကားတွေက များပြားနေလို့ တစ်နေရာစာ ကားရပ်နားဖို့အတွက် ခက်ခက်ခဲခဲရှာဖွေ ရပ်နားနေရတယ်။ ကားရပ်နားကွင်းကနေ စက်တော်ရာဘုရားကို ခြေလှမ်းအနည်းငယ်သာ လျှောက်လှမ်းရောက်ရှိလာကြတယ်။ မိမိတို့ရောက်ရှိလာချိန် ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးဧည့်သည်တွေ များပြားပြည့်နှက်နေပါပြီ။

အထက်စက်တော်ရာမှာ မူလစက်တော်ရာစေတီတော်နဲ့ အသစ်တည်ထားတဲ့ စက်တော်ရာဆိုပြီး စက်တော်ရာနှစ်ဆူကို ဖူးမြော်ကြရတယ်။ အထက်စက်တော်ရာမှာလဲ ဘုရားဖူးတွေများပြားနေပေမဲ့ အေးအေးလူလူ စိတ်ချမ်းချမ်းသာသာ ဖူးမြော်ခွင့်ရရှိကြတယ်။ ဘုရားဖူးအပြီး တောင်အောက်မှာရှိတဲ့ ရှုခင်းတွေကို

> ❖ ကျောင်းတော်ရာကိုသွားတဲ့အခါ မင်းဘူးမြို့ထိ မောင်းနှင်မသွားတော့ဘဲ အလာတုန်းကလမ်းအတိုင်း မန်းရေနံမြေဝန်ထမ်းအိမ်ရာအတွင်းကနေ မောင်းနှင်လာခဲ့တာကြောင့် ခရီးက အလွန်နီးသွားခဲ့တယ်။ မင်းဘူးမြို့ကနေသွားမယ်ဆိုရင် တစ်ကွေ့တစ်ပတ်ကြီးသွားကြရမှာပါ။ မင်းဘူးမြို့ကနေ ၁၀ မိုင်သာရှိတဲ့ စကုမြို့ကို တစ်ခဏအတွင်း၊ စကုမြို့ကနေ မိုင်အနည်းငယ်သာကွာဝေးတဲ့ ကျောင်းတော်ရာကိုလဲ တစ်ခဏအတွင်း ရောက်ရှိလာကြတယ်။ ❖

ကြည့်ရှုဓာတ်ပုံရိုက်ကြတော့ မြူတွေရစ်ဆိုင်းနေလို့ အနည်းငယ်မှုန်ဝါးနေတယ်။ နွေဦးကာလမြူထသော အချိန်ကာလကို တဖြည်းဖြည်း ဝင်ရောက်ချဉ်းကပ်နေပါပြီ။

မန်းရွှေစက်တော်မှာ အောက်စက်တော်ရာနဲ့ အထက်စက်တော်ရာနှစ်ဆူကို ဖူးမြော်ပြီးရင် အနီးပတ်ဝန်းကျင်မှာရှိနေကြတဲ့ ဒါးသွေးကျောက်၊ မုဆိုးတောင်၊ သွေးဆေးကန်၊ သားရေကျစ်စေတီ၊ မြွားကျစေတီ၊ ရသေ့တောင်၊ ရဟန္တာခြေရာ၊ ရွှေသာလျောင်း၊ ကဿပဘုရား၊ အောင်မြေ စတဲ့နေရာတွေကို သွားရောက်လေ့လာလို့ရနေပြီး အဲဒီနေရာတွေကလဲ သူ့သမိုင်းကြောင်းတွေနဲ့သူရှိနေကြတယ်။ မိမိတို့မောင်နှမတစ်တွေက စက်တော်ရာနှစ်ဆူကို ဖူးမြော်ပြီးတာနဲ့ ဘယ်ကိုမှမသွားကြတော့ဘဲ တောင်အောက်ကိုပြန်ဆင်းလာခဲ့ကြတယ်။ ဆက်လက်ပြီး မောင်နှမတစ်စုမရောက်ဖူးသေးတဲ့ ကျောင်းတော်ရာကိုသွားရောက်ကြမှာပါ။

ကျောင်းတော်ရာကိုသွားတဲ့အခါ မင်းဘူးမြို့ထိ မောင်းနှင်မသွားတော့ဘဲ အလာတုန်းကလမ်းအတိုင်း မန်းရေနံမြေဝန်ထမ်းအိမ်ရာအတွင်းကနေ မောင်းနှင်လာခဲ့တာကြောင့် ခရီးက အလွန်နီးသွားခဲ့တယ်။ မင်းဘူးမြို့ကနေသွားမယ်ဆိုရင် တစ်ကွေ့တစ်ပတ်ကြီး သွားကြရမှာပါ။ မင်းဘူးမြို့ကနေ ၁၀ မိုင်သာရှိတဲ့ စကုမြို့ကို တစ်ခဏအတွင်း၊ စကုမြို့ကနေ မိုင်အနည်းငယ်သာကွာဝေးတဲ့ ကျောင်းတော်ရာကိုလဲ တစ်ခဏအတွင်း ရောက်ရှိလာကြတယ်။

ကျောင်းတော်ရာဆိုတာကတော့ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မှာ သီတင်းသုံးနေစဉ် သုနာပရန္တတိုင်းကနေ မဇ္ဈိမဒေသကို ကုန်ရောင်းသွားကြတဲ့ကုန်သည်အကြီးအမှူး မဟာပုဏ္ဏဟာ တရားနာခွင့်ရရှိခဲ့တယ်။ အဲဒီနောက် လှည်းစခန်းမှာပဲ ဆွမ်းချက်ကပ်လှူရာကနေ ကုန်သည်တွေအပြန်မှာ မဟာပုဏ္ဏက ရဟန်းပြုကျန်ရစ်ခဲ့တယ်။ ကုန်သည်တွေလဲ သမုဒ္ဒရာခရီးကို ဆက်လက်သွားရောက်ခဲ့ကြတာ စန္ဒကူးပင်တွေပေါက်ရောက်တဲ့ မာလာယုဒေသကို ရောက်ရှိခဲ့ကြပြီး စန္ဒကူးသစ်တွေကို သယ်ဆောင်လာခဲ့ကြတယ်။ ကုန်သည်တွေက သယ်ဆောင်လာတဲ့သစ်တွေနဲ့ ကျောင်းဆောင်ကြီးတစ်ခုတည်ဆောက်ခဲ့ပြီး မြတ်စွာဘုရားရှင်ကိုယ်တိုင် စန္ဒကူးကျောင်းဆောင်ကြီးမှာ သုံးရက်တိုင်တိုင် သီတင်းသုံးရင်း ပရိသတ်အပေါင်းကို တရားရေအေးတိုက်ကျွေးခဲ့တယ်။ အဲဒီအချိန်က မြတ်စွာဘုရားရှင် သက်တော် ၆၀၊ ဝါတော် ၂၀ ခန့်အချိန်ပါ။ ဒါပေမဲ့ သာသနာတော် ခေတ္တခဏကွယ်ပတဲ့အခါ စန္ဒကူးသစ်တွေနဲ့ ဆောက်လုပ်ထားတဲ့အဖိုးတန်ကျောင်းကြီးကို လူတွေ လောဘ၊ ဒေါသ၊ မောဟတွေဖုံးလွှမ်းပြီး ဖျက်ဆီးယူငင်သုံးစွဲမိရင် အပါယ်လားကြမှာကို စိုးရိမ်တဲ့အတွက် မဟာပုဏ္ဏထေရ်က အဓိဋ္ဌာန်နဲ့ကွယ်ပျောက်စေခဲ့ပါတယ်။ ကျောင်းတော်ရာနေရာကို ပုဂံခေတ် ၁၀၉၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှာ စေတီတော်တည်ထားကိုးကွယ်ခဲ့ကြပြီး ကျောင်းတော်ရာစေတီလို့ အမည်တွင်ခဲ့ပါတယ်။ နောက်တော့ ခေတ်အဆက်ဆက် မွမ်းမံပြင်ဆင်ခဲ့ကြတာ ယနေ့ပုံတော်အတိုင်း ဖြစ်လာရတယ်။

တချို့ကလဲ ကျောင်းတော်ရာကို စန္ဒကူးနံ့သာကျောင်းတော်ရာလို့ ခေါ်ဆိုကြတယ်။ စန္ဒကူးသစ်တွေနဲ့ တည်ဆောက်ထားတဲ့ ကျောင်းနေရာဖြစ်နေလို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ပေါင်းရှည်ကြာနေပြီး ထူးခြားလှတဲ့စေတီတော်ကြီးကို ဖူးမြော်ကန်တော့လိုက်ပါအုံးမယ်။

**ကိုးကား**

– **မြန်မာပြည်တစ်ခွင်လမ်းညွှန်(တင်နိုင်တိုး)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးသလောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**လပွတ္တာ မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ငါးသလောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလက ငါးသလောက်ပိဿာချိန် ၄၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ငါးသလောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို ပုံမှန်အဆင်ပြေပြေတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ငါးသလောက် အဓိကဈေးကွက်တစ်ခုပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ငါးသလောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်ကလဲ လတ်ဆတ်မှုနဲ့အရွယ်အစားအလေးချိန်အပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလဲ ငါးသလောက်တွေအဝယ်လိုက်နေပါတယ်"ဟု ဒေါ်လှဲ့လှဲ့က ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်အသေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ မှ ၂၈၅၀၀၊ အကြီး တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၈၀၀၀ ထိ အရွယ်အစားအပေါ် မူတည်ကာ ဈေးအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလေးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၅၀၃၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကလေး မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲ ၅၀၃၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၀၃၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၅၃ တင်းထွက်ရှိကြောင်း သိရသည်။

"ကလေးမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကုလားပဲဧက ၉၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ် ကုလားပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧက ၅၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပါပြီ။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီက ကလေးမြို့နယ်တွင် ကုလားပဲ ၅၇၂၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ မှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကုလားပဲ ၉၈၃၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁)မျိုးကို ရွေးချယ်စိုက်ပျိုးပြီး ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# သဲုံခွမြို့နယ် ဘန့်ဘွေးကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သုံးခွ မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများမှ ထုတ်ကုန်၊ ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်အတွင်းသို့ လျင်မြန်စွာ တင်ပို့ရောင်းချနိုင်စေရန်ရည်ရွယ်၍ ဘန့်ဘွေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို မတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဘန့်ဘွေးကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည် တစ်မိုင် ၁ ဒသမ ၄၅ ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် သုံးပေရှိ ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၃၅ ဒသမ ၈၇၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် Seven 43 ကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ လူ ၈၄၃ ဦးတို့၏ လယ်ယာ ဧက ၁၃၀၀ မှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းချိုထံမှ သိရသည်။

**ရှိုးသန်းညွန့်**

# လှိုင်းဘွဲ့မြို့နယ် ရှာကိုင်းကောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ မတ် ၃၀**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရှာကိုင်းကောင်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ရှာကိုင်းကောင်းကျေးရွာ၌ အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# သထုံမြို့နယ် သုံးအိမ်စုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သထုံ မတ် ၃၀**

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုပ်ဖိုလ်ချောင်ကျေးရွာအုပ်စု သုံးအိမ်စုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့်ဝန်ထမ်းများက သုံးအိမ်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

သထုံမြို့နယ် သုံးအိမ်စုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၉၅ သန်း ထုတ်ချေးပေးထားကြောင်း သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးက ပြောပြ၍ သိရသည်။ **သုတ**

စာပေမြင့်မှ လူမျိုးတင့်မည်

# ကဗျာအလှ၊ စာအလှ (၆)

**မန်းတင့်မော်**

မြန်မာနိုင်ငံ၏ရာသီဥတုသုံးမျိုးကို နွေ၊ မိုး၊ ဆောင်း ဟု အလွယ်ခေါ်ကြ၊ မှတ်ကြပါသည်။ ဥတုသုံးလီဟုလည်း ခေါ်ဆိုကြပါသေးသည်။ သည်ရာသီများအားလုံး သူ့ရာသီနှင့်သူ လှပကြသည်သာဖြစ်သည်။ နွေလည်း နွေအလှ၊ မိုးလည်းမိုးအလှ၊ ဆောင်းလည်း ဆောင်းအလှတို့ဖြင့် အလှဆင်လျက်ရှိကြသည်သာ။ ထိုရာသီများ၏ အလှအပများကိုလည်း မြန်မာကဗျာ၊ စာများတွင် တွေ့ရလေ့ရှိပါ၏။ ခေတ်အဆက်ဆက် စာဆိုအသီးသီးတို့က ဖွဲ့နွဲ့ခဲ့ကြသည်။

မြန်မာကဗျာများကို ကျောင်းသင်ခန်းစာအဖြစ် ပြဋ္ဌာန်းခဲ့ကြသည်မှာ နှစ်များစွာကြာခဲ့ပါသည်။ သို့သော် စာသင်သားများက ကျောင်းစာအဖြစ်သာ သင်ယူခဲ့ကြပြီး လေးနက်စွာဖတ်ရှုခံစားသူမဟုတ်ခဲ့လျှင် ကျောင်းမှထွက်ချိန်တွင် မြန်မာကဗျာများက ကျောင်း၌ကျန်ရစ်ခဲ့တော့သည်။ အထက်တွင်ဆိုခဲ့သော ရာသီဘွဲ့များ၌ နွေရာသီနှင့်တိုက်တိုက်ဆိုင်ဆိုင် "နွေဦးကာလမြူထသောခါ" တျာချင်းကဗျာ၏ ပထမပိုဒ်ကိုပင် ကဗျာအလှအဖြစ်တင်ပြလိုပါသည်။ ကျောင်းစာအဖြစ်သင်ယူခဲ့ဖူးသူများ ပြန်လည်အမှတ်ရ၍ တန်ဖိုးထားတတ်စေရန်နှင့် အခြားကဗျာချစ်သူများအတွက်လည်း ဖော်ပြပါသည်။

"တျာချင်း"၏အဓိပ္ပာယ်ကို မြန်မာကဗျာဖွဲ့နည်း (ကျောင်းသုံးပြဋ္ဌာန်း)တွင် အောက်ပါအတိုင်းဖွင့်ဆိုပါသည်။ "တျာ"ဟူသောစကားသည် ချိုမြသာယာ ပျူငှာသိမ်မွေ့စွာ ဖွဲ့ဆိုရသော တေးကဗျာဟုအဓိပ္ပာယ်ရှိသည်။ ထိုသို့သာယာချိုမြစွာ သီဆိုရသောတေးကဗျာမျိုးဖြစ်သောကြောင့် တျာချင်းဟုခေါ်ကြသည်။ တျာဘွဲ့ဟူ၍လည်း ခေါ်ရိုးခေါ်စဉ်ရှိသည်။ ဂီတသံခုနစ်မျိုးအနက် ကြိုက်ရာအသံကိုမူတည်၍ တီးမှုတ်နိုင်သောအသံကို "တျာသံ"ဟုခေါ်ကြောင်း၊ ထိုသို့တျာသံနှင့်စ၍ တျာသံနှင့်ဆုံးသော သီချင်းဖြစ်သောကြောင့် တျာချင်းဟုခေါ်ကြောင်း ပညာရှင်များက မိန့်ဆိုကြသည်။ တျာချင်းကို တူရိယာနှင့်တွဲဖက်၍ သီဆိုတီးမှုတ်ရသော တေးသီချင်းအမျိုးအစားဟု ဆိုနိုင်သည်။

အဆိုပါဖွင့်ဆိုချက်ကို လိုက်နာလျက် မြန်မာသံကို ပိုင်ပိုင်နိုင်နိုင်သီဆိုနိုင်သူ အဆိုတော်ကြီး ကိုမင်းနောင်က "နွေဦးကာလမြူထသောခါ"တျာချင်းကို တေးသီချင်းအဖြစ် သီဆိုထုတ်လွှင့်ခဲ့သည်။ တျာချင်းကို ပီသကြည်မြစွာသီဆိုထားသဖြင့် နားထောင်၍အလွန်ကောင်းပါသည်။ လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ရှာဖွေ၍ နားသောတဆင်နိုင်ကြပြီလည်းဖြစ်ပါသည်။ ဤသီချင်းကိုပင် အခြားသောအမျိုးသား၊ အမျိုးသမီး တေးသံရှင်များစွာတို့ကလည်း သီဆိုကြပြီးဖြစ်ပါသည်။ မြန်မာသံစဉ်များကို ချစ်ခင်နှစ်သက်မြတ်နိုးစွာတီးခတ်သီဆိုလေ့ရှိကြသော မြန်မာ့ဆိုင်းဆရာများစွာကလည်း ထိုတျာချင်းကို ဂုဏ်ယူစွာ တီးမှုတ်သီဆိုနေဆဲလည်းဖြစ်ပါသည်။

- နွေဦးကာလ၊ မြူထသောခါ
  ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ
  ဓားနီးထက်စွာ၊ ခါးမှာချပ်လျက်
  ထန်းပွင့်ထန်းခိုင်၊ ရှန်းမြိုင်မြိုင်
  ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး။

နွေဦးကာလမြူထသည်ကို သိကြမည်ဖြစ်သော်လည်း ထန်းပင်ထန်းတောပေါ်သည့် အညာသူ၊ အညာသားတို့က ပို၍ခံစားနိုင်ကြပါလိမ့်မည်။ တပေါင်း၊ တန်ခူးကာလနှင့်အတူ ရှစ်ခွင်တိုင်းက နံနက်ခင်းနှင့် ညနေပိုင်းတွင် မြူများဆိုင်းနေတတ်သည်။ မြူသည် နှင်းမဟုတ်။ မိုးငွေ့နှင့်လည်းမတူ။ မြန်မာအဘိဓာန်တွင် "မြူ။ န- လေထဲတွင် ရစ်ဆိုင်းနေသောအမှုန်" ဟုဖွင့်သည်။ "တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်း" ဟူသောစကားလည်း ရှိသည်။ နွေဦးတွင် လေရူးတိုက်ခတ်လေ့ရှိသည်။ ထန်းသမားတို့ ထန်းလုပ်ငန်းမစမီ တိုက်ခတ်သောလေကို "ထန်းဆော်လေ"ဟုခေါ်သည်။ ထန်းလုပ်ငန်းစရန် ထန်းပင်တိုင်းကို "ရင်းထောင်"ဟူသော လှေကားရှည်နှင့်တက်ရသည်။ ရင်းဆွဲဟူသော လှေကားတိုက အပင်တွင်အသေချိတ်ဆွဲထားရသည်။ ရင်းထောင်ကရွှေ့ပြောင်းနိုင်သော လှေကားအရှင်ဖြစ်သည်။ ထန်းရည်ခံသော မြူအိုးကိုလည်း ဝယ်ပြီးပြီးချင်း အသုံးပြု၍မရပေ။ ထန်းတောထဲတွင် ထန်းရွက်ခြောက်၊ ထန်းလက်များကိုအသုံးပြု၍ မီးဖြင့် အကြိမ်ကြိမ်ဖုတ်ရသေးသည်။ သို့မှသာ မြူအိုးက ပို၍ခိုင်သည်။ တော်ရုံထိခိုက်ရုံမျှနှင့် မကွဲနိုင်တော့။ ထန်းလျီးဓားကိုလည်း အလွန်ထက်အောင်သွေးထားရသည်။ ဓားနီးကို-ဓားနီး၊ န- ထန်းလျီးဓားဟု မြန်မာအဘိဓာန်က ဖွင့်ဆိုသည်။ ချပ်ဟူသည်မှာ အကြားအလပ်တွင် တစ်စုံတစ်ခုကို ထည့်သည်ဟုဆိုရာ ထန်းလျီးဓားကို ပျဉ်ပြားဖြင့် လုပ်ထားသောဓားအိမ်တွင် ထည့်ထားသည်ဟု ယူဆနိုင်ပါသည်။ ထန်းရည်ခံရန် ထန်းပင်ကို ပြင်ဆင်ရာတွင် ထန်းလက်များ၏အရင်း၌ ထိုးကလန့်၍ ထိုင်ရသောတုတ်ချောင်းကို "ကလိုင်"ဟုခေါ်သည်။ ထန်းပင်၊ ထန်းလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ သုံးနှုန်းသော ဝေါဟာရများ များစွာရှိပါသည်။ ထန်းဆိုင်ရာစာအုပ်စာတမ်းများလည်း ပြုစုပြီးဖြစ်ရာ ဆက်လက်လေ့လာသင့်ပါသည်။

အညာနှင့်ထန်းပင်သည် ခွဲခြား၍မရပါ။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ထန်းပင်ထန်းတောများကို တစ်မျှော်တစ်ခေါ်ကြီး တွေ့နိုင်သည်။ အခြားဒေသများတွင် ထန်းပင်များ ပေါက်ရောက်နိုင်သော်လည်း ထန်းလုပ်ငန်းကမူ အညာ၏လုပ်ငန်းဟုဆိုနိုင်ပါလိမ့်မည်။ ထန်းလုပ်ငန်းနှင့် ထန်းသမားတို့၏ဘဝကို လေ့လာရာမှ ထန်းစကားပုံအလှလေးများနှင့် ထန်းစာ၊ ထန်းကဗျာ အလှများစွာလည်း ထွက်ပေါ်ခဲ့ပါသည်။ ထန်းကဗျာအားလုံးတွင် ဂန္ထဝင်မြောက်အလှဆုံးကဗျာမှာ "နွေဦးကာလ မြူထသောခါ"ကဗျာဖြစ်မည်ဟုဆိုချင်ပါသည်။ ညောင်ရမ်းခေတ် ဟံသာဝတီရောက်မင်းလက်ထက် လွန်ခဲ့သောနှစ်ပေါင်း သုံးရာခန့်က ဝန်ကြီးပဒေသရာဇာ၏ အထက်ပါတျာချင်းကို ယနေ့တိုင် စံပြုထန်းသမားဘွဲ့အဖြစ် အလေးထားနေရခြင်းမှာ တျာချင်းကဗျာ၏အလှကို ထန်းသမားဘဝ၏ပုံရိပ်ဖြင့် ဖော်ကျူးထားသောကြောင့်ဟုလည်း ထင်မိပါသေးသည်။

ယခုအခါ အညာထန်းတက်လုပ်သားများ ရှားပါးလာသော သတင်းများကိုကြားသိရပါသည်။ ထန်းပင်များခုတ်လှဲ၍ ရောင်းချသဖြင့် ထန်းတောများလျော့ပါးလာသည်ဟုလည်း ကြားရပြန်သည်။ မန္တလေးအနီးတစ်ဝိုက်ရှိ ထန်းတောတချို့ကလည်း မြို့ပြ၏ကွန်ကရစ်အဆောက်အအုံများက ဝါးမျိုသွားပြီးဖြစ်သည်။ စိတ်ဖြေစရာ သတင်းကောင်းတစ်ခုကြားရသည်။ မန္တလေးမြို့အရှေ့မြောက်ဘက်ရှိ အိမ်ရှေ့မင်းထန်းတောကို ယူနက်စကိုစာရင်းဝင်ရန် ကြိုးပမ်းလျက်ရှိနေသည်ဟူသော သတင်းဖြစ်ပါ၏။ ယဉ်ကျေးမှုအမွေအဖြစ် ထိန်းသိမ်းသင့်သည်လည်းဖြစ်ပါသည်။

နွေကာလ၏မြူထပုံ မြူဆိုင်းပုံများကို မြန်မာကဗျာ တပေါင်းလဘွဲ့နှင့် နွေဘွဲ့များတွင် တွေ့နိုင်ပါသေးသည်။ ရာသီနှင့်အတူ သဘာဝတောတောင်ရေမြေကို သတိပြုမိသူတိုင်း နွေနှင့်မြူကိုတွဲလျက်တွေ့မြင်ခံစားနိုင်ကြပါသည်။ သတိမမူဂူမမြင် သတိမူကမြူမြင်သည်ဟူသော မြန်မာစကားလည်းရှိပါသည်။ နဘေအရာ အထူးဂုဏ်ရပါတဲ့ စလေဆရာဦးပုည၏ ခါတပေါင်းကဗျာတွင် "ဥဩဖိုတွန်သံကြည်တော့၊ သောတာပန် မဟာထေရ်တို့တောင်၊ မဆည်နိုင်မျက်ရည်စို့ရှာလိမ့်၊ အဘိညာဉ်ဈာန်ယဉ်ကြို့ပါလို့၊ နယ်ရှစ်ခွင်မြူခြည်ဆို့တယ်၊ လွမ်းဖို့တပေါင်း"ဟု ရေးသားခဲ့ပါသည်။ "အို့" ကာရန်ယူထား၍ မြူဆိုင်းသည်ကို မြူခြည်ဆို့တယ်ဟုရေးသားထားရာ ပိတ်ဆို့သည်ဟုဆိုလိုပြီး တစ်မျိုးလှသည်ဟု ဆိုရပါမည်။

"စုံနံ့သာမြိုင်ရှာပုံတော်ကြီး"ဟူသော ကဗျာရှည်ကို ရေးသားရာတွင် အထူးထင်ရှားသော တောင်တွင်းဦးကြော့၏ "မိုန်ပြေပြေဂိမ္မေဆန်း" (မူရင်းသတ်ပုံ) ခေါင်းစဉ်ပါကဗျာတွင် "ပင်မင်းမူခင်းသန့်သန့်ငယ်နှင့်၊ အင်ကြင်းဖြူဝင်းဖန့်ဖန့်မှာလ၊ သင်းပျံ့ပျံ့ကြူခဲ့ပြီ။ မြူညို့ညို့မှာလ ပူဖို့ရန်တသိန်ခြွေလို့၊ မိုန်ပြေပြေဂိမ္မေဆန်းပြန်တော့၊ အစိန္တေကပ္ပိနန်းကို၊ မြန်းကြွရာသီ" ဟု စပ်ဆိုခဲ့ပြန်သည်။ နွေဦးကာလတွင် အင်ကြင်းပန်းများပွင့်ကြပုံ၊ မြူထန်ပုံ၊ ဗုဒ္ဓဘုရားရှင်ကပိလဝတ်ပြည်သို့ မြန်းကြွသောရာသီဟူ၍ဖွဲ့သည်။ မြူညို့ညို့ဟူ၍ ညို့နှစ်လုံးထပ်သုံးသဖြင့် ကဗျာကပို၍လှသွားသည်ဟု ဆိုချင်ပါသည်။

ရတနာပုံခေတ် ပထမဦးဆုံး မြန်မာသတင်းစာဆရာကြီး(အယ်ဒီတာ)ဟု မှတ်တမ်းပြုခံရသူ"ဖိုးဝဇီရ" က သက္ကရာဇ် ၁၂၄၀ မှ ၁၂၆၀ ပြည့်နှစ်အတွင်း ရေးဖွဲ့ခဲ့သော "တောဖွဲ့သံချို"ကဗျာအမျိုးအစားဟု ပညာရှင်တို့ သတ်မှတ်ခဲ့သည့် "ပူရှိန်ရှိန်နွေအစ" ခေါင်းစဉ်ပါကဗျာ၏ နောက်ဆုံးပိုဒ်တွင် "ကပ်လုံးငယ်ပြောင်၊ မြတ်ဘုန်းခေါင် စိန္တေယျော်မှ၊ ပြည်တော်ကို ထေရ်ကျော်စုငယ်နှင့်၊ ယခုချိန်သာကပြီမို့၊ ခါအမှီယာယီလွမ်းသည်ဟု၊ မိန့်ကျမ်းညီစာဆိုတွေက၊ သာချိပြေအကုန်ဖွဲ့ပါတဲ့၊ မှုန်လဲ့ငယ် မြူမှိန်မှိန်နှင့် ပူရှိန်ရှိန်နွေကိုစသော်ကြောင့်၊ မြေမြနယ်ဇမ္ဗူကျွန်းမှာဖြင့်၊ ရွှေလနှယ်တူမယွန်းသူတို့၊ မလွမ်းအောင်ဘယ်မှာတန့်နိုင်ပါ့၊ ဆွေးပျံ့ပေတောင်း"ဟု ရေးဖွဲ့ခဲ့ပြန်သည်။ မြတ်ဘုန်းခေါင် စိန္တေယျော်ဟူသော ဘုရားရှင်ကိုဖွဲ့ဆိုပုံကလည်း ကြည်ညိုဖွယ်ဖြစ်သည်။ မြူမှိန်မှိန်ဟူသော စကားကလည်းလှပါသည်။ မြေမြနှင့်ရွှေလ၊ ဇမ္ဗူကျွန်းနှင့် တူမယွန်း ကာရန်ယူပုံကိုလည်း နှစ်သက်ဖွယ်ဖြစ်ပါသည်။

ရတုဘုရင်ဟုခေါ်ဆိုအပ်သော တောင်ငူခေတ်စာဆိုကျော် နတ်ရှင်နောင်၏ "ပေါ်နွေလလျှင်"အစချီ ရတုတွင် "ပေါ်နွေလလျှင်၊ တောင်ကခြိမ့်မြူ၊ မင်းလွင်ဦးနှင့် ပျံ့ပျူးချပ်ထိုင်း၊ မှန်တိုင်းဆင်လို့. . . . "ဟူ၍ အစချီထားသည်။ မင်းလွင်ဟူသည် မြူမှုန်ရော၍ ပျံ့လွင့်နေသောအခိုးဟူ၍ မြန်မာအဘိဓာန်တွင် ဖော်ပြထားသည်။ ပိတောက်ပန်းဘွဲ့ကဗျာတစ်ပုဒ်တွင်လည်း "မြူမင်းလွင်ထန်"ဟူ၍ပါရှိသည်။ ကဗျာဆရာလည်းဖြစ်၊ မြန်မာကဗျာနှင့် ကမ္ဘာ့ကဗျာများကိုလည်း အကျွမ်းတဝင်ရှိလှသော ဆရာမြဇင်က အမည်ရင်းဝင်းဖေကို ကလောင်အမည်တပ်၍ မြကန်သာကို Emerald Lake ဟု ဘာသာပြန်ကာ မြန်မာဂန္ထဝင်ကဗျာများကို အင်္ဂလိပ်ဘာသာပြန်ဆိုပြီး စာအုပ်ပြုစုထုတ်ဝေခဲ့ဖူးပါသည်။ ထိုကဗျာစာအုပ်တွင် ပေါ်နွေလလျှင် ရတုကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုရာ၌ မင်းလွင်ဦးကို Early Vaporsဟု အဓိပ္ပာယ်ပေးပါသည်။ ဘာသာပြန်လိုသူများအတွက် မှတ်သားအတုယူဖွယ်ဖြစ်ပါသည်။ မြန်မာကဗျာများကို နိုင်ငံတကာမှ ကဗျာချစ်သူများ ခံစားနိုင်ရန် အားထုတ်မှုတစ်ခုဖြစ်ပါသည်။ ယနေ့ကဗျာချစ်သူ လူငယ်အများအပြားရှိပါသည်။ တယ်လီဖုန်းဖန်သားပြင်ထက်တွင် တွေ့ရှိနေရ၍ အခိုင်အမာဆိုနိုင်ခြင်းပင်။

ကဗျာချစ်သူ၊ ကဗျာစပ်ချင်သူ လူငယ်များနှင့်လည်း မကြာခဏဆုံစည်းလေ့ရှိရာ များများဖတ်ပါ ဟူသော အကြံကိုသာပေးမိပါ၏။ စာရေးသူကိုယ်တိုင်ပင်လျှင် ကဗျာကိုချစ်မြတ်နိုးသူအဖြစ်သာ ခံယူထားပါ၏။ ကဗျာများကိုအစဉ်တစိုက် ဖတ်ရှုခံစားနိုင်ရန်ကြိုးစားရဆဲလည်းဖြစ်ပါသည်။ ပညာရှင်တစ်ယောက်ကဲ့သို့ ကဗျာကို ဆစ်ပိုင်း၊ ဆန်းစစ်၊ ဝေဖန်၊ အကဲဖြတ်နိုင်စွမ်းမရှိပါ။ များများဖတ်၊ များများတွေး၊ များများရေးဟူ၍လည်း ဆရာသမားများက ညွှန်ကြားခဲ့ကြသည်သာ။ ကဗျာအလှ စာအလှဟူသည် ဖတ်ရှုခံစားသူအတွက် ကိုယ်ပိုင်လွတ်လပ်စွာ ကြည့်ရှုနိုင်သည်ဟုလည်း ယုံကြည်မိပါသည်။ ကဗျာလမ်းစာလမ်းတွင် ကဗျာပန်းစာပန်းများ ဝေဝေဆာဆာပွင့်လန်းနိုင်စေကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**၁။ မြကန်သာ(ဝင်းဖေ)**

**၂။ ကဗျာဖွဲ့နည်း(ကျောင်းသုံး)**

❖ "တျာချင်း"၏အဓိပ္ပာယ်ကို မြန်မာကဗျာဖွဲ့နည်း (ကျောင်းသုံးပြဋ္ဌာန်း)တွင် အောက်ပါအတိုင်းဖွင့်ဆိုပါသည်။ "တျာ"ဟူသောစကားသည် ချိုမြသာယာ ပျူငှာသိမ်မွေ့စွာဖွဲ့ဆိုရသော တေးကဗျာဟုအဓိပ္ပာယ်ရှိသည်။ ထိုသို့သာယာချိုမြစွာ သီဆိုရသောတေးကဗျာမျိုးဖြစ်သောကြောင့် တျာချင်းဟုခေါ်ကြသည်။ တျာဘွဲ့ဟူ၍လည်း ခေါ်ရိုးခေါ်စဉ်ရှိသည်။ ဂီတသံခုနစ်မျိုးအနက် ကြိုက်ရာအသံကိုမူတည်၍ တီးမှုတ်နိုင်သောအသံကို "တျာသံ"ဟုခေါ်ကြောင်း၊ ထိုသို့တျာသံနှင့်စ၍ တျာသံနှင့်ဆုံးသောသီချင်းဖြစ်သောကြောင့် တျာချင်းဟုခေါ်ကြောင်း ပညာရှင်များက မိန့်ဆိုကြသည်။ တျာချင်းကို တူရိယာနှင့်တွဲဖက်၍ သီဆိုတီးမှုတ်ရသော တေးသီချင်းအမျိုးအစားဟု ဆိုနိုင်သည်။ ❖

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

# အလုပ်ကြိုးစားတဲ့ သူဌေးသား

မင်္ဂလာပါ ကလေးတို့ရေ ဒီတစ်ပတ် ဦးဦး ပြောပြမဲ့ ပုံပြင်လေးကတော့ "အလုပ်ကြိုးစားတဲ့ သူဌေးသား" ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်။

တစ်ခါတုန်းက သူဌေးကုန်းဆိုတဲ့ရွာကြီးတစ်ရွာမှာ လယ်ယာမြေတွေအများကြီးပိုင်ဆိုင်တဲ့သူဌေးကြီး တစ်ယောက်ရှိခဲ့တယ်။ သူဌေးကြီးငယ်ငယ်က ကျောင်းပညာကောင်းကောင်းမသင်ခဲ့ရပေမဲ့ ဗဟုသုတတွေကို အမြဲရှာဖွေစုဆောင်းမှတ်သားလေ့ရှိတယ်။ အဲဒီဗဟုသုတတွေကိုအသုံးချပြီးကြိုးစားခဲ့တော့ အိမ်ကြီးအိမ်ကောင်းနဲ့ လယ်ယာမြေတွေပိုင်တဲ့သူဌေးကြီး တစ်ယောက်ဖြစ်လာပါတယ်။

သူဌေးကြီးမှာ မောင်မြင့်ဆိုတဲ့သားတစ်ယောက်ရှိတယ်။ သူဌေးကြီးက လယ်ယာတွေပိုင်ဆိုင်တဲ့သူဖြစ်လို့ သူ့သားတစ်သက် မဆင်းရဲတော့ဘူးလို့ယူဆပြီး သူ့သားကို စာရေးတတ်၊ ဖတ်တတ်ရုံလောက်သင်ခိုင်းပြီး ကျောင်းထုတ်လိုက်တာပေါ့ကွယ်။ သူဌေးကြီးရဲ့သားကလဲ အိမ်မှာပဲနေပြီး ဘာမှဆက်လက်မလေ့လာ၊ မသင်ယူတော့ဘူးတဲ့။ မိဘလယ်ယာတွေကထွက်တဲ့ သီးနှံတွေကို ရောင်းချရတဲ့အသပြာငွေတွေနဲ့ မတောင့်မတ၊ မကြောင့်မကြနေထိုင်စားသောက်နိုင်ခဲ့တယ်။ ဒါပေမဲ့ သူဌေးကြီးက အသက်အရွယ်အိုမင်းလာတဲ့အခါ ရောဂါစွဲကပ်ပြီး သမားတော်နဲ့ အမြဲမပြတ်ကုသရတယ်။ လယ်ယာမြေတွေကို စိုက်ပျိုးလုပ်ကိုင်တဲ့ အလုပ်သမားတွေကိုလဲ ကောင်းကောင်းကြီးကြပ်မခိုင်းစေနိုင်တော့ဘူး။ ဒါကြောင့် သူဌေးကြီးရဲ့ လယ်ယာမြေတွေက သီးနှံအထွက်နှုန်းကျဆင်းပြီး ဝင်ငွေလဲလျော့လာတယ်။ ရတဲ့ဝင်ငွေကလဲ သူဌေးကြီး ဆေးကုသဖို့တောင် မလောက်တော့ဘူးတဲ့ကွယ်။ ဒီတော့ သူဌေးကြီး ဆေးဆက်ကုသနိုင်ဖို့ လယ်ယာမြေတချို့ကိုရောင်းချလိုက်ရတယ်။

လယ်ယာမြေရောင်းချရတဲ့ငွေနဲ့ ဆေးကုသပေမဲ့ သူဌေးကြီးရဲ့ရောဂါက တစ်နေ့တခြား ပိုဆိုးလာပြီး လယ်ယာမြေတွေလဲ အကုန်ရောင်းလိုက်ရတော့တာပေါ့။ သူဌေးကြီးဟာ သူ့ကို အနီးကပ်ပြုစုပေးနေတဲ့သားလေးကို ကြည့်ပြီး "ငါ့ရဲ့သားကို ပညာဆက်သင်မပေးမိတာမှားပြီ" လို့ နောင်တကြီးစွာရနေသတဲ့။ သူဌေးကြီးသေရင် သားလေးကို ဆင်းဆင်းရဲရဲနဲ့ ထားခဲ့ရမှာကိုတွေးပြီး စိတ်မချမ်းမသာဖြစ်နေတာပေါ့ကွယ်။ နောက်ဆုံးတော့ သူဌေးကြီးကသူကြိုးစားခဲ့တဲ့အတိုင်း သားကိုအလုပ်ကြိုးစားဖို့ ပြောတယ်။ သူဌေးကြီးက "သားရေ . . . အဖေမရှိတဲ့နောက်ပိုင်း အလုပ်မှန်သမျှ ကြိုးစားပမ်းစားလုပ်ပါ့မယ်၊ အကောင်းဆုံးဖြစ်အောင်လုပ်ပါ့မယ်၊ ရတဲ့ဝင်ငွေရဲ့တစ်ဝက်ကိုပဲ စားသုံးပြီး ကျန်တစ်ဝက်ကို အမြဲစုဆောင်းပါ့မယ်၊ ကိုယ်နဲ့မတန်တဲ့အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်တွေမစား၊ မဝယ်ပါဘူး၊ အစားစားဖို့ နေ့တိုင်းအလုပ်လုပ်ပါ့မယ်" ဆိုတဲ့ ကတိကို သားထံ တောင်းတယ်။ သားလေး မောင်မြင့်ကလဲ မိဘစကားနားထောင်တဲ့သားမို့ အဖေကို ကောင်းကောင်း ကတိပေးခဲ့တယ်။



သူဌေးကြီးသေတဲ့အခါ မောင်မြင့်ဟာ ဖခင်မှာကြားခဲ့တဲ့အတိုင်းအလုပ်လုပ်ဖို့စဉ်းစားတယ်။ ဒါပေမဲ့ ဘယ်အလုပ်ကိုလုပ်ရမှန်းမသိလို့ အလုပ်ရှာဖွေနေသတဲ့ကွယ်။ လိမ္မာပြီး ရိုးသားတဲ့မောင်မြင့်ကို သူဌေးကုန်းရွာမှာနေတဲ့ မောင်မြင့်ဖခင်ရဲ့မိတ်ဆွေ လယ်သမားဦးလေးကြီးက သူ့အိမ်ကိုလိုက်ခဲ့ဖို့ ခေါ်တယ်။ မောင်မြင့်က လယ်သမားဦးလေးကြီးရဲ့ အိမ်ကိုလိုက်ခဲ့ပေမဲ့ အလုပ်မလုပ်ရမချင်း ထမင်းမစားဘဲနေခဲ့တယ်။ "မောင်ရင်က သိပ်လိမ္မာတဲ့ကလေးပဲ။ အဖေအတွက် ဝမ်းနည်းပြီးထမင်းမစားဘူး။ ဒါပေမဲ့ ထမင်းမစားဘဲ ကြာကြာနေရင် မောင်ရင်သေသွားမှာပေါ့။ မောင်ရင်တစ်ခုခုဖြစ်ရင် သေသွားတဲ့ဖခင်လဲ စိတ်ကောင်းမှာမဟုတ်ဘူး။ ကဲ ကဲ ရေမိုးချိုး၊ ထမင်းစားလိုက်။ နောက်ရက်တွေကျ ဦးလေးတို့အိမ်က အလုပ်တွေကူလုပ်ပေါ့ကွယ်"လို့ပြောတော့မှ မောင်မြင့်က အခုနေဘာအလုပ်လုပ်ရမလဲလို့ စဉ်းစားတယ်။ လယ်သမားဦးလေးကြီးရဲ့အိမ်ကရေစည်ထဲမှာ ရေတွေလျော့နေတာတွေ့တယ်။ ဒါနဲ့ ရွာထိပ်ချောင်းထဲက ရေသွားထမ်းပြီး ရေစည်ပြည့်အောင်ဖြည့်လိုက်ပါတယ်။ နောက် သူ့ရေချိုးဖို့ ရေတစ်ထမ်းထပ်ထမ်းပြီး ရေမိုးချိုးသန့်စင်လိုက်တယ်။ ပြီးမှ လယ်သမားဦးလေးကြီး ကျွေးတဲ့ထမင်းကို ဆာဆာနဲ့အားရပါးရစားလိုက်တော့တယ်။

လယ်သမားဦးလေးကြီးက မောင်မြင့်ရဲ့စိတ်ဓာတ်နဲ့ လုပ်ပုံကိုင်ပုံကို ကျေနပ်အားရနေတာပေါ့ကွယ်။ နောက်နေ့တွေမှာ လယ်သမားဦးလေးကြီးအိမ်က အလုပ်တွေမှန်သမျှ မောင်မြင့်က မခိုမကပ်ဝိုင်းကူလုပ်ပေးတယ်။ မောင်မြင့်အလုပ်ကြိုးစားတယ်ဆိုတဲ့ သတင်းဟာလဲ သူဌေးကုန်းရွာသာမက အနီးအနားရွာတွေကိုပါ ပျံ့နှံ့သွားတာပေါ့ကွယ်။ သတင်းကြားတဲ့ သူဌေးကြီး၊ ငယ်တော်တော်များများက မောင်မြင့်ရဲ့ လုပ်ပုံကိုင်ပုံကိုလာကြည့်ကြပြီး အားလုံးသဘောကျကြသတဲ့။ ဒါကြောင့် သူမွေးစားမယ်၊ ငါမွေးစားမယ်နဲ့ သူဌေး အားလုံးက မောင်မြင့်ကိုခေါ်ကြတယ်။ မောင်မြင့်ကတော့ "ဦးလေးတို့ ကျွန်တော့်ကိုမွေးစားမယ်ဆိုလို့ ဝမ်းသာလှပါတယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် ဒီမှာပဲဆက်နေဖို့ ဆုံးဖြတ်ထားပါတယ်" လို့ သူဌေးအားလုံးကို ယဉ်ယဉ်ကျေးကျေးပြန်ပြောလိုက်တယ်။

သူဌေးအားလုံးပြန်သွားကြတဲ့အခါ မောင်မြင့်က သူနေတဲ့အိမ်က လယ်သမားဦးလေးကြီးကို"ကျွန်တော် ဦးလေးကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ တစ်သက်လုံး အလုပ်ကြိုးစားလုပ်ကိုင်ကျွေးပါရစေ" လို့ ခွင့်တောင်းတယ်။ လယ်သမားဦးလေးကြီးလဲ မောင်မြင့်ကို နဂိုကတည်းက သဘောကျနှစ်သက်ခဲ့တာဖြစ်လို့ မောင်မြင့်ရဲ့ခွင့်တောင်းချက်ကို လက်ခံလိုက်တယ်။ ပြီးတော့ " ဒီနေ့ကစပြီး မောင်ရင့်ကို ဦးလေးရဲ့သားအဖြစ် မွေးစားလိုက်ပါပြီ" လို့ပြောလိုက်တယ်ကွဲ့။ မောင်မြင့်လဲ ဝမ်းသာအားရနဲ့ "ကျွန်တော်ကလဲ ဦးလေးကို အဖေတစ်ယောက်လို လုပ်ကျွေးပြုစုသွားပါမယ်" လို့ ကတိပေးလိုက်သတဲ့ကွယ်။

ကလေးတို့လဲ ဒီပုံပြင်ထဲက သူဌေးသားမောင်မြင့်လေးလို လိမ္မာယဉ်ကျေးတဲ့စိတ်၊ အလုပ်ကို ရိုးရိုးသားသား ကြိုးစားလုပ်ချင်တဲ့စိတ်မွေးမြူပြီး ကိုယ်ကြုံတွေ့ရတဲ့ဘဝကို တိုးတက်အောင်ကြိုးစားကြရမယ်နော်။

**ညွန့်ဝင်း(နတ်တလင်း)**

## လုံမလေးတို့ရွာ



♦ လုံမလေးတို့ ကျေးတောရွာ
သစ်ပင်ဝေဝေဆာ ။

♦ နွေလခါမှာ ပန်းရ
အရိပ်ကောင်းမွန်လှ ။

♦ ရေချမ်းစင်က တည်ရှိပြန်
မောပန်းဖြေကြရန် ။

♦ ငှက်ကျေးတေးသံ နားဝင်အေး
ထန်းလျက် ချိုချိုမွှေး ။ ။

**ဖြိုးထက်(ရေစကြို)**

## နွေငှက်ကလေး



♦ လက်ပံပင်၏ အထက်မှာ
သူ့ရဲ့တေးသံသာ ။

♦ ဂီတကဗျာ သူဟစ်ကြွေး
ဉသြငှက်ကလေး ။

♦ အသံချိုအေး ချစ်ခင်ဖွယ်
နွေလရာသီဝယ် ။

♦ အဖော်ရှာတယ် တစ်ကောင်တည်း
ပင်ယံထက်မှာပဲ ။
ဉသြငှက်ကလေးပဲ ။ ။

**မောင်မျိုးချစ်(အညာမြေ)**

# လာမည့်သင်္ကြန်ကာလအတွင်း အရေးပေါ်ခရီးသွားလာလိုသည့် နိုင်ငံ့ဝန်ထမ်းများအတွက် နေပြည်တော်အခြေစိုက်အဝေးပြေးခရီးသည်တင်ယာဉ်လိုင်းများတွင် ထိုင်ခုံနေရာများစီစဉ်ပေးထား



**နေပြည်တော် မတ် ၃၀**

လာမည့်သင်္ကြန်ကာလအတွင်း အရေးပေါ် ခရီးသွားလာလိုသည့် နိုင်ငံ့ဝန်ထမ်းများ လွယ်ကူအဆင်ပြေစေရေးအတွက် နေပြည်တော် အခြေစိုက် အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများတွင် ထိုင်ခုံနေရာများ စီစဉ်ပေးထားကြောင်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) နေပြည်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် နေပြည်တော် အခြေစိုက်အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီးပေါင်း ၅၀ ကျော်သို့ အဝေးပြေးခရီးသည် တင်ယာဉ် အစီးရေ ၁၅၀ ခန့် ပြေးဆွဲလျက်ရှိပြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ (အဝေးပြေး) နေပြည်တော် စီမံခန့်ခွဲမှုအောက်တွင် နေပြည်တော်အခြေစိုက် အဝေးပြေးယာဉ်လိုင်းပေါင်း ၂၈ လိုင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ် အခြေစိုက်ယာဉ် လိုင်းပေါင်း ၈၀ စုစုပေါင်း ၁၀၈ လိုင်းနှင့် အဝေးပြေး ယာဉ် အစီးရေ ၇၀၀ ခန့်ရှိကြောင်းလည်း သိရသည်။

"နှစ်စဉ် သင်္ကြန်ကာလအတွင်းမှာ အရေးပေါ်ခရီးသွားလာလိုတဲ့နိုင်ငံ့ဝန်ထမ်းတွေအတွက် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး) နေပြည်တော်အနေနဲ့ အဝေးပြေးယာဉ်လက်မှတ်တွေ လွယ်ကူစွာဝယ်ယူစီးနင်းနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယာဉ်လိုင်းအများစုကတော့ သင်္ကြန်ကာလအတွင်းမှာနားကြပေမဲ့ အရေးပေါ်သွားလာလိုသူတွေအတွက် နေပြည်တော်ကနေ အဓိကမြို့ကြီးတွေကို ထွက်ခွာမဲ့ယာဉ်လိုင်းတွေ ရှိပါတယ်။ ဒီယာဉ်လိုင်းတွေရဲ့ စာရင်းနဲ့ ထွက်ခွာမဲ့ ယာဉ်အရေအတွက်ကို ကောက်ယူလျက်ရှိပါတယ်။ နေပြည်တော်ကနေ အမြို့မြို့အနယ်နယ်ကို ထွက်ခွာမဲ့ ယာဉ်လိုင်းအသီးသီးရဲ့ယာဉ်ကြီးငယ်အလိုက် ထိုင်ခုံချန်လှပ်ထားရှိဖို့ကိုလဲ ယာဉ်လိုင်းအသီးသီးကို အကြောင်းကြားထားပြီးဖြစ်ပါတယ်။ ထိုင်ခုံအရေအတွက် ၃၃ ခုံနဲ့ အထက်ဆိုရင် လေးခုံချန်လှပ်ထားရှိဖို့ ထိုင်ခုံ ၃၃ ခုံအောက်ဆိုရင် နှစ်ခုံချန်လှပ်ထားဖို့ဖြစ်ပါတယ်။ ဒီလို ချန်လှပ်ထားမှသာ အရေးပေါ်သွားရောက်လိုသူတွေရောက်ရှိလာတဲ့အခါ စီးနင်းလိုက်ပါနိုင်မှာဖြစ်ပါတယ်" ဟု ဦးအောင်ကျော်နိုင်က ပြောပြသည်။

ASH

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပင်လယ်စာ သွေးခုံး ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး မတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပင်လယ်စာ သွေးခုံး ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဇန်နဝါရီလက ပင်လယ်စာ သွေးခုံး ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ပင်လယ်စာ သွေးခုံး ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာ လျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း ပင်လယ်စာ သွေးခုံးတွေကို ရန်ကုန်ဘက် တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဘက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးအမျိုးအစားတွေက ဝယ်လိုအားများနေတဲ့ အခြေအနေရှိပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ပင်လယ်စာ သွေးခုံး ပိဿာချိန် ၅၅၀၀၀ ထိပဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖေဖော်ဝါရီလမှာတော့ ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့တာပါ။ လက်ရှိ မတ်လထဲမှာလဲ သွေးခုံးအပါအဝင် ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန် ပင်လယ်စာ သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**












## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ်(၇၂၀)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀. ၀၄၂၈)ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော **ဒေါ်ခင်အေး**၊ (၉/မရမ(နိုင်)၀၂၉၂၅၆)၊ **ဦးအောင်ကျော်မိုး**၊ (၉/မရမ(နိုင်)၀၈၂၉၇၅)၊ **ဒေါ်ခင်ချောစု**၊ (၉/မရမ(နိုင်)၀၈၂၉၇၆)၊ **ဒေါ်ယဉ်မင်းသက်**၊ (၉/ခအဇ(နိုင်)၀၁၂၀၅၃)၊ **ဦးသူရအောင်**၊(၉/ခအဇ(နိုင်)၀၃၄၀၆၉)နှင့် **ဒေါ်နိုင်စာနွဲ့**၊ (၉/ခအဇ(နိုင်)၀၁၃၂၂၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု |
|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**ဒေါ်မဥ္ဇူမြင့်**
**(LL.B)**
**အထက်တန်းရှေ့နေ**

အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေ x ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောင်ရင်းကျေးရွာနေ ဦးဝေမိုး-ဒေါ်စန်းစန်းမော်တို့၏သမီးဖြစ်သူ **မရွှန်းလဲ့ဝေ(၉/စကတ(နိုင်)၁၂၇၈၅၉)**သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒဖြင့် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းနိုင်ပါသည်)*

**ဦးဝေမိုး(၉/စကတ(နိုင်)၀၆၁၀၂၆)**
**ဒေါ်စန်းစန်းမော်(၉/စကတ(နိုင်)၀၆၁၀၀၃)**

## အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ဥယျာဉ်စုကျေးရွာအုပ်စု၊ မြို့ကုန်းကျေးရွာနေ ဦးကျော်သူ-ဒေါ်မိုးမိုးသူတို့၏သမီး မယမင်းရွှေရည် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မလမင်းကိုကို ဖြစ်ပါကြောင်း။ **မလမင်းကိုကို**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ခေါင်းဆောင်ဆိုသည်မှာ အကျင့်စာရိတ္တ ကောင်းရမည်၊ သမာသမတ်ရှိရမည်၊ လက်အောက်အပေါ် စိတ်ကောင်းစေတနာ ကောင်းရှိရမည့်အပြင် ကိုယ်ချင်းစာစိတ်နှင့် ကွပ်ကဲအုပ်ချုပ်သွားကြရမည်ဖြစ်...

❖ အကျင့်စာရိတ္တ ကောင်းမွန်မှုသာ လုပ်ဆောင်ပြုမူ ပြောဆိုချက်များ အောင်မြင်လာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆိုလာရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး



**ရန်ကုန် မတ် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၄၂ ဒသမ ၆ သန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့တွင် ဆိုလာစနစ်အသုံးပြု၍ စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန်နှင့် တောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဒဂုံမြို့သစ်မြောက်ပိုင်းခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**ဧရာဝတီတိုင်းဒေသကြီးအတွင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်နှင့် တောင်သူများ နွေစပါး၊ အချိန်မီစိုက်ပျိုးနိုင်ရန် ဆိုလာရေတင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**


**ဟိုပုံးမြို့ရှိ ဒေသခံတိုင်းရင်းသားပြည်သူများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့၌ တိုက်ပွဲဖော်ဆောင်နေသော အကြမ်းဖက်သောင်းကျန်းသူများကို အလိုမရှိဟု ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်**

စာမျက်နှာ - ၁၆

## ထူးခြားသည့် နေ့အပူချိန်များ (၃၀-၃-၂၀၂၄)

| | | | | | |
|---|---|---|---|---|---|
| မင်းဘူး | ၄၂ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၁ | ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၁ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၄၁ | ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ရွှေကျင် | ၄၁ | ဒီဂရီဆဲလ်စီးယပ် | ပဲခူး | ၄၀ | ဒီဂရီဆဲလ်စီးယပ် |

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar